# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ - ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ်( ၁၃၇)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကလေးငယ်တစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။
သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလွမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အာဟာရကျွေးမွေးခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အာဟာရကျွေးမွေးခြင်းအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် တောင်ကြီးဟိုတယ်၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❁

အစ္စရေး အခြေချနေထိုင်မှုတွင် ကုမ္ပဏီပေါင်း ၁၁၂ ခု ပါဝင်နေဟု ကုလသမဂ္ဂအတည်ပြု
စာ ➢ ၁၄

ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ
စာ ➢ ၁၅


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

**မြန်မာ့အလင်း**

# လောကသဘာဝနှင့် ရင်ဆိုင်ကြရချိန်တွင်…

ယနေ့ကမ္ဘာတစ်လွှားကို ရှုမြင်ကြည့်လိုက်တော့ လူသိများသည့် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ အီရတ် အစရှိသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း လေးဆယ်ခန့်မှာ စစ်ဖြစ်နေသည်။ မြန်မာနိုင်ငံမှ ပြည်တွင်းပဋိပက္ခကိုအခြေခံသည့် နိုင်ငံအတွင်းဖြစ်ပွားနေသည့်စစ်သည် ကမ္ဘာ့စံချိန်တင်နိုင်လောက်အောင် သက်တမ်းရှည်နေပြီ။ အနီ စစ်ဘေးစစ်ဒဏ်ကို အများဆုံးခံရသူများက စစ်ပွဲတွင်းမှာ အမှန်တကယ် စစ်တိုက်နေရသူများနှင့် စစ်ဖြစ်ပွားရာ နယ်မြေဒေသတွင်းက အရပ်သားပြည်သူလူထုဖြစ်၏။

စစ်ဘေးစစ်ဒဏ်ကဲ့သို့ပင် လောကလူ့ရွာကို ခြိမ်းခြောက်နေသည်မှာ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ဖြစ်ပါ၏။ ရေကြီး၊ မိုးခေါင်၊ လေပြင်းကျမုန်တိုင်းထန်၊ အပူလွန် အအေးလွန်၊ ငလျင်လှုပ်၊ မြေပြို၊ မြစ်ရေခန်း၊ တောမီးကြီးများလောင်ကျွမ်း အစရှိသော သဘာဝဘေးဒဏ်အမျိုးမျိုးကို ကြုံတွေ့နေရ၏။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုကို အခြေခံကာ ပေါ်ပေါက်လာသည့် အစာရေစာရှားပါးလာမှုနှင့်အတူ ရောဂါဘယအသစ်အဆန်းများ ကူးစက်ရောဂါပိုးအသစ်အဆန်းတို့ကို ရင်ဆိုင်နေရ၏။

မြန်မာတို့ ဘုရားရှိခိုးတိုင်း ကင်းဝေးရပါစေကြောင်း စိုးရိမ်စိတ်ဖြင့် ဆုတောင်းရသည့် ကပ်သုံးပါးကို တစ်မျိုးစီကြားနေရသကဲ့သို့။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး အရှင် ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များတွင်ပါသည့်…

'သတ္တဝါတို့ ဒေါသအားကြီး၍ တုတ်၊ ဓား၊ လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ် ထိုးနှက်သတ်ဖြတ် သေကျေပျက်စီးတဲ့အချိန်ပိုင်းကို သတ္ထန္တရကပ်…'

'မောဟထူပြော၍ မလုပ်သင့်တာတွေလုပ်၊ မစားသင့်တာတွေစား၊ ဣရိယာပထ အပြုအပြင် အဆင်အခြင်ကင်းမဲ့ကုန်တော့ မရောက်သင့်တဲ့ ကပ်ရောဂါများရောက်ပြီး သေကျေပျက်စီးရတဲ့ ရောဂန္တရကပ်…'

'သတ္တဝါတွေ လောဘအားကြီးရင် အစာရေစာ ခေါင်းပါးတယ်၊ အဲဒီလို ခေါင်းပါးလို့ ပျက်စီးဆုံးရှုံးရတဲ့ ဒုဗ္ဘိက္ခန္တရကပ်…' ဟူသည့် ကပ်သုံးပါး လူ့ဘောင်လောကတစ်ခုလုံးကို အနီးကပ်လာရောက်ခြိမ်းခြောက်နေသည့်အလား ဖြစ်ပါသည်။

လူသားတို့သည် သဘာဝကို အန်တုကာ ရှင်သန်အောင် ရုန်းကန်ကြရင်း တိုးတက်မြင့်မားသည့် လူမှုလောကကို နှစ်ပေါင်းသန်းပေါင်းများစွာ တဖြည်းဖြည်းချင်း ထူထောင်ခဲ့ကြသည်။ ယခုအခါတွင်လည်း အဆိုပါကပ်ကြီးများကို ကျော်လွှားနိုင်အောင် စွမ်းအားရှိသမျှ အားထုတ်နေကြဆဲဖြစ်၏။ စစ်ပွဲများကိုဖန်တီးရင်း အတ္တပေါ် အခြေပြုနေကြသူများ၊ ကိုယ်ကျိုးစီးပွားကိုသာ မြင်ကြသူများ မည်သို့ပင်ရှိရှိ လူသားအများစုက စစ်ပွဲများရပ်ဆိုင်းရေး၊ အဏုမြူလက်နက်များ လျှော့ချဖျက်သိမ်းရေး၊ စေ့စပ်ဆွေးနွေးကြခြင်းဖြင့် ငြိမ်းချမ်းရေးကို အရယူရေး အစရှိသည့် လုပ်ငန်းဆောင်တာများကို ကြိုးပမ်းနေကြသည်။

ရောဂါပိုးမွှားမျိုးစုံတို့၏ရန်ကို ကျော်လွှားနိုင်ရန်အလို့ငှာ နိုင်ငံတကာပညာရှင်များ စုပေါင်းတိုင်ပင်ကာ ဆေးဝါးနှင့် နည်းလမ်းမျိုးစုံ ရှာဖွေနေကြသည်။ ရာသီဥတုကို ပြန်လည်ထိန်းသိမ်းကြရန် အစာရေစာတို့ကို လုံလောက်မျှတနိုင်မည့် နည်းလမ်းများကိုလည်း လူမျိုးစုံ၊ နိုင်ငံစုံ၊ ပညာရှင်အစုံစုံက ရှာဖွေအားထုတ်နေကြသည်။ လူတစ်ဦးချင်းစီကလည်း ရောဂါဘယ အလွယ်တကူမဆိုက်ရောက်အောင် အသိဉာဏ်ပညာဖြင့် မိမိကိုယ်ကိုယ် စောင့်ရှောက်ကြရပါသည်။ သန့်ရှင်းစွာနေထိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မကူးစက်အောင် အကာအကွယ်ဖြင့်နေခြင်း၊ ကိုယ်ခံအားကောင်းမွန်အောင် ဂရုတစိုက်ဖြင့် သတိဖြင့် နေထိုင်ခြင်းတို့ဖြင့်လည်း ထိန်းသိမ်းကြရပါသည်။

အခြားတစ်ဖက်တွင်ကား မည်သည့် ယုံကြည်မှုများတွင်မဆို ရှိသည့် အဆုံးအမအတိုင်း လူသားတို့ကြား လောဘနည်းပါးအောင်၊ ဒေါသပါးလျားအောင်၊ အမှန်ကိုသိမြင်ကာ မောဟပပျောက်အောင် တစ်ဦးချင်းအနေဖြင့်လည်း သတိထားပြုပြင်ကြခြင်းဖြင့် သာယာငြိမ်းချမ်း ကပ်ဘေးကင်းသည့် လောကကို တည်ဆောက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့အပ်ပါသတည်း။ ။



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအကဲများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဟိန်းမင်းစိုး (သတင်းစဉ်)**

# ဆောင်ရွက်ဆဲလုပ်ငန်းများမှ မတည်ငွေရင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်းအသစ် ၁၂ ခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ၁၉ ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့မှ လုပ်ငန်းသစ် ၁၂ ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၉၁၃ သန်းနှင့် ကျပ် ၇၃၄၃၅ ဒသမ ၃၃၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၆၁၈ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၂၀ ခင်းကျင်းပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဂေဟထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲအတွင်း သစ်၊ ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပရိဘောဂများ၊ မြန်မာ့လက်မှုအနုပညာပြခန်းများပါဝင်သော ကုမ္ပဏီပေါင်း ၅၇ ခုမှ ပြခန်းပေါင်း ၁၈၂ ခန်း ပြသထားပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့တဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန်ကြိုးပမ်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**အားလုံးမင်္ဂလာနံနက်ခင်းပါ၊**

ကြွရောက်လာကြတဲ့ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ အရာထမ်း အမှုထမ်းများ၊ တိုင်းရင်းသားများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ၊ ဧည့်သည်တော်များ၊ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖြစ်မြောက်ရေးဦးစီးကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ ကျင်းပရေးဆပ်ကော်မတီနဲ့ လုပ်ငန်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအတွက် အလှူရှင်များ၊ ဝိုင်းဝန်းပံ့ပိုးကူညီသူများအားလုံးတို့ကို ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့လည်း ယခုလို တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်လှစ်ခွင့်ရတဲ့အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ရပါတယ်။

ဒီနေ့ဟာ ကျက်သရေမင်္ဂလာအပေါင်းခညောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြို့တော်လည်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေလည်းဖြစ်တဲ့ နေပြည်တော်မှာ ပြည်ထောင်စု ကျေးဇူးရှင်ကြီးရဲ့ ကြေးရုပ်တုကို မင်္ဂလာရက်မြတ်အခါသမယမှာ တင့်တယ်ဝင့်ကြွား ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ စိုက်ထူနိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြို့တော်ဆိုတဲ့ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံစေပြီး ပြည်ထောင်စုနယ်မြေဆိုတဲ့ ဂုဏ်ဒြပ်ကိုလည်း ထင်ဟပ်စေပါတယ်။ တိုင်းရင်းသားပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြမယ်လို့ နားလည်ထားပါတယ်။

### တိုင်းချစ်ပြည်ချစ်စိတ်များ ထက်သန်စေရန်

ယခုလို ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု စိုက်ထူတာဟာ သာမန်ကာလျှံကာ အသွင်သဏ္ဌာန်အရ လုပ်နေကြခြင်းမဟုတ်ဘဲ နိုင်ငံရဲ့ အရေးအရာများနှင့်စပ်လျဉ်းပြီး အနှစ်သာရရှိရှိနဲ့ လုပ်နေကြခြင်းဖြစ်တယ်လို့ ခံယူပါတယ်။ မျိုးဆက်သစ်လူငယ်များအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရိုးသားဖြောင့်မတ်တည်ကြည်မှု၊ တိုင်းပြည်အတွက် ဖြူစင်တဲ့ စေတနာ၊ သန့်ရှင်းတဲ့မေတ္တာ၊ မွန်မြတ်တဲ့ လမ်းစဉ်တွေကို အတုယူကြကာ တိုင်းကျိုးပြည်ကျိုး သယ်ပိုးစေရန်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြတ်သားတဲ့ လက်ရုံးရည် နှလုံးရည်၊ သီလ၊ သမာဓိ၊ သိက္ခာ၊ ပြောင်မြောက်တဲ့ အသိပညာ အတွေးအခေါ် အယူအဆတွေကိုလည်း အားကျလျက် တိုင်းချစ်ပြည်ချစ်စိတ်များ ထက်သန်စေရန်လည်းကောင်း၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်ကျိုးမဖက် ရာထူးမမက် လွတ်လပ်ရေးအတွက် အသက်ပေးပြီး ကိုယ်ကျိုးစွန့် အနစ်နာခံသွားခဲ့တာတွေကို နမူနာယူကြပြီး ဇာတိသွေး ဇာတိမာန် ရှင်သန်စေရန်လည်းကောင်း၊ မြန်မာ့နိုင်ငံရေး သမိုင်းတွင် မော်ကွန်းထိုးထားရမယ့် ကြီးကျယ်ခမ်းနားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ဆောင်ချက်များကို စံပြုကြရန်လည်းကောင်း ရည်ရွယ်ချက်ကောင်းများရှိတယ်လို့ ကျွန်တော်ခံယူထားပါတယ်။

ဒ့ါအပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြေးရုပ်တုကို မြင်တွေ့တိုင်း ဗိုလ်ချုပ်ရဲ့ မူဝါဒ လမ်းစဉ်တွေကို အကောင်အထည်ဖော်ရန် ကျန်သေးတယ်ဆိုတာကို မမေ့မလျော့စေရန် ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို သတိရတိုင်း ဗိုလ်ချုပ်ရဲ့ အဆိုအမိန့် လုပ်ငန်းလမ်းညွှန်တွေကို ဆောင်ရွက်ရန် ရှိသေးတာကို မလစ်ဟင်းကြစေရန် ဖြစ်ပါတယ်။ ဗိုလ်ချုပ်မျှော်မှန်းတမ်းတ ထုဆစ်ပုံဖော်လိုတဲ့ တိုင်းပြည်မျိုးဖြစ်အောင် ကြိုးပမ်းကြဖို့ တာဝန်ဝတ္တရားတွေ မပြီးသေးတာကို သတိမပြတ်ကြစေရန် မွန်မြတ်တဲ့ ဦးတည်ချက်တွေ ရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

### ဗိုလ်ချုပ်ရဲ့ ကျေးဇူးကို ဦးညွှတ်အလေးပြု

ကျောင်းသားဘဝ၊ တို့ဗမာအစည်းအရုံးဝင် သခင်ဘဝ၊ တပ်မတော်သားဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝတို့မှာ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့တဲ့ မိန့်ခွန်းများမှာ လေ့လာမှတ်သားစရာ အလွန်များပြားလှပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းများကို စေ့ငုသေချာစွာ လေ့လာပါက ဗိုလ်ချုပ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း၊ ဘယ်အယူဝါဒရှိကြောင်း၊ မည်သို့သော အရည်အချင်းတွေရှိကြောင်း၊ မည်ကဲ့သို့သော ခေါင်းဆောင်ကောင်းဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာ သိမြင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းများကို ဖတ်မှတ်ပြီး လိုက်နာကျင့်သုံးနိုင်သည်နှင့် အမျှ မိမိအတွက်ရော တိုင်းပြည်နှင့် ပြည်သူလူထုအတွက်ပါ အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့ စံပြုဖွယ်မိန့်ခွန်းများမှ ကောက်နုတ်ချက် အနည်းငယ်မျှနှင့်ပင် ငယ်ငယ်ရွယ်ရွယ်နဲ့ ဗိုလ်ချုပ်ရဲ့ ခေတ်ရှေ့ပြေးနေတဲ့ ဉာဏ်ရည် ဉာဏ်သွေးတို့ကို ထင်ထင်ရှားရှား သိမြင်နိုင်မှာဖြစ်တဲ့အတွက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

ဗိုလ်ချုပ်ရဲ့ ကျေးဇူးကို ဦးညွှတ်အလေးပြုပြီး ကျွန်တော့်အနေနဲ့ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ မူဝါဒလမ်းစဉ် လုပ်ငန်းလမ်းညွှန်အချို့ကို နိုင်ငံသူ နိုင်ငံသားများ ပြန်လည်သတိရစေရန်အလို့ငှာ အခွင့်အခါ ကြုံခိုက် ရှင်းလင်းတင်ပြလိုပါတယ်။

### ကြိုတင်မူဝါဒ ချမှတ်ခဲ့

မိမိရဲ့အသက်အိုးအိမ်စည်းစိမ်ကို မြူတစ်မှုန် သဲတစ်ပွင့်မျှ ဂရုမစိုက်ဘဲ လုံးဝလွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ရေးအတွက် စဉ်ဆက်မပြတ် အသက်ပေးပြီး ကြိုးပမ်းခဲ့တဲ့ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီးတဲ့အခါ ဒီမိုကရေစီဝါဒကို ကျင့်သုံးရမယ်။ ဒီလိုကျင့်သုံးမှသာလျှင် နိုင်ငံသူ နိုင်ငံသားများ ဒီမိုကရေစီနဲ့ လူ့အခွင့်များ ရရှိခံစားပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်ကာ ငြိမ်းချမ်းရေး ရရှိနိုင်မှာဖြစ်ကြောင်း ကြိုတင်မူဝါဒ ချမှတ်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက “ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်၊ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်” လို့ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာ အတိအလင်း မြွက်ကြားခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဒီမိုကရေစီနှင့်စပ်လျဉ်းပြီးတော့လည်း နိုင်ငံသူ နိုင်ငံသားတွေ အလစ်အငိုက် မခံရစေဖို့၊ သတိမမူ ဂူမမြင် မဖြစ်စေဖို့ ပြောကြားခဲ့တာတွေလည်း ရှိပါတယ်။ ၁၉၄၇ ခုနှစ်၊ မေလ (၁၉)ရက်နေ့မှာ ကျင်းပတဲ့ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှာ “အခု ဒီမိုကရေစီတွေခေါ်နေတဲ့ တိုင်းပြည်များဟာ တကယ့်ဒီမိုကရေစီ မဟုတ်သေးဘူး၊ ငါးမူး သုံးမတ် တစ်ပဲလောက်ပဲ ဒီမိုကရေစီတွေ ဖြစ်သေးတယ်”

### ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရန် ပြောကြား

“ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာ မဟုတ်ဘူး။ ဒီမိုကရေစီ ခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလဲ အများကြီးပဲ ” စသည်ဖြင့် နိုင်ငံသူ နိုင်ငံသားများ ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရန် ပြောကြားခဲ့ပါတယ်။

အုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီးတော့လည်း ဗိုလ်ချုပ်အောင်ဆန်းက ၎င်းကိုယ်တိုင် ဦးဆောင်ရေးဆွဲခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနိဒါန်းမှာ လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်း ညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတွင် တန်းတူရည်တူ ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာ သန္နိဋ္ဌာန်ချရန် လမ်းညွှန်ခဲ့ပါတယ်။

ဒ့ါအပြင် ပြည်သူတို့ရဲ့ လွတ်လပ်မှုနဲ့ လုံခြုံမှုကို ကာကွယ်ပေးတဲ့ အုပ်ချုပ်ရေး ယန္တရားဖြစ်စေရန်၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်လာစေရန် ရည်သန်ပြီး ဗိုလ်ချုပ်အောင်ဆန်းက “တိုင်းသူပြည်သားဆန္ဒအရ မဟုတ်ဘဲ၊ တိုင်းသူပြည်သားတွေနဲ့ ကင်းကွာပြီး မင်းစိတ်ပေါက်တဲ့ အရာရှိတွေ ခြယ်လှယ်တဲ့ စနစ်ဆိုးမျိုးရှိနေရင် အများပြည်သူတို့ဆန္ဒနဲ့ လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒ ဆင်တူရိုးမှားတွေ ပေါ်လာနိုင်တယ်။” လို့ သတိထားကြရန် ပြောခဲ့ပါသေးတယ်။

ဒ့ါအပြင် တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်နှင့် စပ်လျဉ်း၍လည်း လိုက်နာရန် ယခုလို မိန့်ဆိုခဲ့ပါသေးတယ်၊ “ဗမာ့လွတ်လပ်ရေး

> “ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်လွတ်လပ်ရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေး စွမ်းရည်ရှိမှု၊ တပ်မတော်ကို ဦးဆောင်ဖွဲ့စည်းနိုင်မှု၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်အောင် စွမ်းဆောင်နိုင်မှု၊ တိုင်းရင်းသားပြည်သူအပေါင်းက ချစ်ခင်လေးစားအားကိုးယုံကြည်မှု စသည်တို့ကို သိမ်းကျုံးရရှိထားပြီး တုဘက်ကင်းတဲ့ ခေါင်းဆောင်ဖြစ်ပါတယ်”

တပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့်ပတ်သက်၍ အလျဉ်းစွက်ဖက်ခြင်း ပြုလိမ့်မည်မဟုတ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ဗိုလ်များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေး ကိစ္စများနှင့်ပတ်သက်၍ ပါဝင်စွက်ဖက်ခြင်း အလျဉ်းမရှိစေရ” လို့ နိုင်ငံ၏ စည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ ဆောင်ရန် ရှောင်ရန်ကိုလည်း လမ်းညွှန်ခဲ့ကြောင်း ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး ဂန္ထဝင်စာအုပ်တွင် လေ့လာတွေ့ရှိရပါတယ်။

တစ်ဖန် တပ်မတော်ဖခင်ကြီးက တမျိုးသားလုံးညီညွတ်ရေးကို ရည်ရွယ်ပြီး “ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်ထားတာ မဟုတ်ဘူး၊ တနိုင်ငံလုံး တမျိုးသားလုံးအတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာ တဖွဲ့ တပါတီ လူတစုအတွက် တည်ထောင်ထားတာ မဟုတ်ဘူး၊ တနိုင်ငံလုံး တမျိုးသားလုံးအတွက်ဖြစ်တယ်” ဟု မည်သို့သော တပ်မတော်မျိုးဖြစ်သင့်သည်ကို အထူးသတိပြု ဆင်ခြင်ဖွယ်ရာ မိန့်ကြားခဲ့တာကို ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးမိန့်ခွန်းတွင် ဖတ်ရှုရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်း၍လည်း တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြောင်းကို ပင်လုံစာချုပ် အပိုဒ်-၅ တွင် လက်ခံခဲ့ပါတယ်။ “တောင်တန်းဒေသရှိပြည်သူတို့သည် ဒီမိုကရေစီ တိုင်းပြည်များတွင် အခြေခံအခွင့်အရေးနှင့် ရပိုင်ခွင့်များဟု သတ်မှတ်ထားသည့် အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ရရှိခံစားစေရမည်” ဟုလည်း ပင်လုံစာချုပ် အပိုဒ်-၇ တွင် သဘောတူခဲ့ပါတယ်။

ဒ့ါအပြင် ၁၉၄၇ ခုနှစ်၊ မေလ (၁၉)ရက်နေ့မှာ ကျင်းပတဲ့ ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက “ကျွန်တော့်အမြင်အရ ဆိုရင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်း သတ်မှတ်ပေးပြီးတော့ (Unitary State) လူမျိုးကြီးတမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ထောင်လို့မဖြစ်ဘူး၊ ပြည်ထောင်စု သဘောမျိုးပဲ ဖြစ်ရမှာဘဲ” လို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ထောင်ရန် ရှင်းလင်းစွာ လမ်းညွှန်ခဲ့သည်မှာ ဗိုလ်ချုပ်ရဲ့ မွန်မြတ်တဲ့ စေတနာနဲ့ ဖြူစင်တဲ့ သဘောထားကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်စေပါတယ်။ ဗိုလ်ချုပ်ဟာ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် စိတ်ဓာတ်မှန် လုပ်ရပ်မှန် အနစ်နာခံခဲ့ပါတယ်။

### ပြည်သူအပေါင်းက ချစ်ခင်လေးစားအားကိုးယုံကြည်

ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်လွတ်လပ်ရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေး စွမ်းရည်ရှိမှု၊ တပ်မတော်ကို ဦးဆောင်ဖွဲ့စည်းနိုင်မှု၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်အောင် စွမ်းဆောင်နိုင်မှု၊ တိုင်းရင်းသားပြည်သူအပေါင်းက ချစ်ခင်လေးစားအားကိုးယုံကြည်မှု စသည်တို့ကို သိမ်းကျုံးရရှိထားပြီး တုဘက်ကင်းတဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။ ပြည်သူလူထုခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ညီညွတ်ရေးစတဲ့ နယ်ပယ်စုံ ကဏ္ဍစုံမှာ ယခုလိုမူဝါဒများ လမ်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်ချက်များကို အမြော်အမြင်ကြီးစွာ ညွှန်ပြခဲ့သော်လည်း ယခုထိတိုင် ပြီးပြည့်စုံအောင် အကောင်အထည် မဖော်နိုင်ကြသေးတာကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ သို့*

◆ *ရှေ့ဖုံးမှ*

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဒေသခံ မိဘပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ-၃ တွင် သီးခြားဖော်ပြထားပါသည်။)**

**အမွှေးနံ့သာရည် ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကြေးပြားများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့သည် တိုင်းရင်းသား မောင်မယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တိုင်းရင်းသားမောင်မယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းရင်းသား မောင်မယ်များနှင့် လည်းကောင်း၊ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖြစ်မြောက်ရေး ဦးစီးကော်မတီအဖွဲ့ဝင်များနှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများသည် တိုင်းရင်းသား မောင်မယ်များနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဒေသခံ မိဘပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့တဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလျက်ရှိပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။ ဒီမိုကရေစီထွန်းကား၍ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရန် ရည်သန်ပြီးဖြစ်ပါတယ်။ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ထားရှိပြီးလည်း ဖြစ်ပါတယ်။ အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားလာခြင်း မရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုမွန်မြတ်တဲ့ အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးစားဆောင်ရွက်နေပါတယ်။ ရဟန်းရှင်လူ ပြည်သူ၊ ကျောင်းသား ကျောင်းသူ၊ တိုင်းရင်းသားများအားလုံးကလည်း အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ကျေးဇူးဆပ်သောအားဖြင့် ဝိုင်းဝန်းအားပေးကူညီကြရန် ပန်ကြားအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဤကဲ့သို့ ကျေးဇူးတရားကြီးမားတဲ့ ဗိုလ်ချုပ်အောင်ဆန်းအား မည်သို့မျှ မမေ့မပျောက်နိုင်ပါ။ ရာဇဝင်တွင်လောက်တဲ့ ဗိုလ်ချုပ်ရဲ့ အဆိုအမိန့်များနဲ့ မော်ကွန်းထိုးလောက်တဲ့ သက်စွန့်ကြိုးပမ်းစွမ်းဆောင်ချက်များမှာလည်း ထာဝရတည်တံ့နေမယ်လို့ ယုံကြည်ပါတယ်။ ဗိုလ်ချုပ်ကျင့်သုံးခဲ့တဲ့ လမ်းစဉ်၊ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ မူဝါဒ၊ ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့ ပန်းတိုင်တို့ကို ကျွန်တော်တို့နဲ့အတူ ပြည်သူလူထုကြီးကပါ လိုက်နာအကောင်အထည်ဖော်ရင်း ဗိုလ်ချုပ်ကို မမေ့ကြသေးကြောင်း ပြသကြပါစို့။ တိုင်းရင်းသားလူမျိုးများအားလုံးကို စုစည်းဦးဆောင်ကာ ဗိုလ်ချုပ်တည်ဆောက်ခဲ့သော ပြည်ထောင်စု တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ရေးတို့ကို ထိန်းသိမ်းကာကွယ်ကြပါစို့၊ ဗိုလ်ချုပ်ရည်ရွယ်မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် ပန်းတိုင်သို့အရောက် စည်းလုံးညီညွတ်စွာ ချီတက်ကြပါစို့လို့ အလေးအနက် သန္နိဋ္ဌာန်ပြုကြရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးဟိုတယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် အာဟာရကျွေးမွေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာ ဝင်းမြတ်အေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် ဦးလှမော်ဦး၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခဝဲခြံ မျက်မမြင်ကျောင်း (ငြိမ်းချမ်းရေး တွဲလက်များ) ဂီတအဖွဲ့က **"ဗိုလ်ချုပ်အောင်ဆန်း ဂုဏ်ပြုတေး"** နှင့် **"မငြိမ်းချမ်းလို့ မဖြစ်ဘူး"** တေးသီချင်းတို့ဖြင့် ဂုဏ်ပြုနှုတ်ဆက် ဖျော်ဖြေကြသည်။

**စိတ်ဓာတ်ခိုင်မာစေ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အမှာစကားပြောကြားရာတွင် ယနေ့သည် မိမိဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့ဖြစ်သည်ကို အားလုံးသိကြပြီးဖြစ်ပါကြောင်း၊ မိဘမဲ့ကလေးများသည် မိဘ၏တန်ဖိုးကို ပို၍သိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိကိုယ်တိုင်လည်း ငယ်စဉ်ကတည်းက ဖခင်မဲ့ခဲ့ရကြောင်း၊ ဖခင်မဲ့ရသည့် အခြေအနေကို ကိုယ်တိုင်သိရှိရပါကြောင်း၊ ယခုကဲ့သို့ မိမိဖခင်၏ မွေးနေ့တွင် မိဘမဲ့ကလေးများကို အာဟာရကျွေးမွေးရသည့်အတွက် ဝမ်းသာပါကြောင်း၊ ကလေးငယ်များအတွက်လည်း တန်ဖိုးရှိသည့် အခမ်းအနားတစ်ခု ဖြစ်စေလိုကြောင်း၊ ခဝဲခြံမှ အစ်ကို အစ်မများ သီချင်းများကို သီဆိုသွားကြသည်မှာများစွာ ကောင်းမွန်လှပါကြောင်း၊ လူတိုင်း လူတိုင်းတွင် အင်အားရှိပါကြောင်း၊ တစ်နေရာတွင် အားနည်းသည့်အတွက် တခြားနေရာတွင် အားနည်းမသွားပါကြောင်း၊ လူတိုင်း လူတိုင်းတွင် အားရှိပြီး လူတိုင်း လူတိုင်းတွင် ကြိုးစားနိုင်သည့် အခွင့်အရေးရှိသည်ကို မှတ်သားစေလိုပါကြောင်း၊ ကလေးငယ်များကို စိတ်အားမငယ်ဘဲ စိတ်ဓာတ် ခိုင်မာစေလိုပါကြောင်း၊ မိမိတို့၏ အားနည်းချက်များကို အားသာချက်များအဖြစ် ပြောင်းလဲရန်၊ ဘဝတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်ရန်၊ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆွေကောင်းများကဲ့သို့ ချစ်ခင်ကြရန် လိုအပ်ပါကြောင်း၊ အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိတို့လိုချင်သည့် အရာများ ဘဝတစ်လျှောက်လုံး ရကြပါစေဟု ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများက ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**ကဗျာကို သံပြိုင်ရွတ်ဆို**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသည့် ကလေးငယ်များက **"အောင်ဆန်းဇာနည်"** ကဗျာကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးငယ်များနှင့်အတူ နံနက်စာကိုအတူတကွ သုံးဆောင်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကလေးငယ်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။

**လှည့်လည်ပျံသန်းကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဒေသ၊ အင်းလေးကန် ပတ်ဝန်းကျင်အခြေအနေ၊ အင်းလေးကန်အတွင်း ရေဝင်ရောက်မှုနှင့် ကန်ရေပြင်အခြေအနေ၊ ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ကာ အင်းလေးဒေသ ပတ်ဝန်းကျင်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားရှိမှု အခြေအနေများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ပျံသန်းကြည့်ရှုပြီး ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(၁၀၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်**

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် စနေနေ့တွင် မြန်မာပြည်အလယ်ပိုင်း မကွေးခရိုင် နတ်မောက်မြို့၌ အဘ ဦးဖာ၊ အမိ ဒေါ်စုတို့က မွေးဖွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် (၁၀၅)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကလေးငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲနှင့် မြန်မာနိုင်ငံ ကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့)အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားနှင့် မြန်မာနိုင်ငံ ကလေးများနေ့(ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့) အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ် အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားနှင့် မြန်မာနိုင်ငံ ကလေးများနေ့(ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ သီချင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေနှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ ဦးကြည်မင်းနှင့် ဦးအောင်ထူး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော် ကောင်စီဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖြစ်မြောက်ရေး ဦးစီးကော်မတီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပြောပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က အထူးဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) အထိမ်းအမှတ်ကဗျာရွတ်၊ သီချင်းဆိုနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပပြီး မြန်မာနိုင်ငံကလေးများနေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ခဲပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ဆေးပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ကဗျာရွတ်ပြိုင်ပွဲ မူလတန်းအဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ သီချင်းဆိုပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ် ပိုမိုရရှိစေရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ဒုတိယအကြိမ် ထမနဲထိုးပွဲကို နေပြည်တော်ရှိ ဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းမိသားစုများ ပါဝင်သည့် ပြိုင်ပွဲဝင် အဖွဲ့(၄)ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က တက်ရောက်အားပေးစကား ပြောကြားခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသော အဖွဲ့များကို ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူကုန်ကူးမှုခင်းများ ပူးပေါင်းစစ်ဆေးတရားစွဲဆိုရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်းရေးဆွဲထားသည့် "လူကုန်ကူးမှုခင်းများ ပူးပေါင်းစစ်ဆေး တရားစွဲဆိုရေး လမ်းညွှန်ချက်များ" ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေစခန်း အမှုစစ်အရာရှိများနှင့် ဥပဒေအရာရှိများအကြား ကြုံတွေ့ရသော စိန်ခေါ်မှုများအား ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Reviewing the challenges of Police–Prosecutors Guidelines in Trafficking in Persons Cases) ကို ယနေ့နံနက် ၉ နာရီက နေပြည်တော် Hilton Hotel ၌ ကျင်းပသည်။



လူကုန်ကူးမှုခင်းများ ပူးပေါင်းစစ်ဆေးတရားစွဲဆိုရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ လူကုန်ကူးမှုခင်းများ ပူးပေါင်းတရားစွဲဆိုရေး လမ်းညွှန်ချက်ကို ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် ယင်းအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခြင်းကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်၊ နယ်မြေရဲစခန်း အမှုစစ်အရာရှိများနှင့် ဥပဒေအရာရှိများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ယနေ့ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအတွက် ကောင်းမွန်သည့်ရလဒ်ကို ဦးတည်ကာ တရားစွဲအဖွဲ့အစည်းနှင့် ဥပဒေအရာရှိတို့ ပူးပေါင်းဆောင်ရွက်ရာတွင် လက်တွေ့နယ်ပယ်၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း အပြုသဘောဆောင်သော ဆွေးနွေးမှုဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူးက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးကဏ္ဍ အရေးကြီးပုံနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ၏ Tier အဆင့်သတ်မှတ်သည့် စံနှုန်းများ၊ Tier အဆင့်ကျပါက ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားပြီး ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ချက်များကို လက်တွေ့လိုက်နာ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို တက်ရောက်လာသူများက တင်ပြဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၃၀ နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိ ၂၅ ဦး စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## မြန်မာနိုင်ငံ၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးသည် ၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် နိမ့်ကျနေဆဲဖြစ်ရာ ရသင့်ရထိုက်သည့် အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို ဖော်ပြလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယ ခြောက်လပတ် အခွန်ရငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဒုတိယ ခြောက်လပတ်အခွန်ရငွေများ**နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်အတွက် ၂၀၁၈–၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဇယား(၁) အရ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ယူကောက်ခံရမည့် အခွန်အကောက် ၂၂ မျိုးမှ ကောက်ခံရန်ပြုပြင်ပြီး ခန့်မှန်းခြေလျာထားချက်မှာ ငွေကျပ် ၃၉၁၂ ဒသမ ၂၆၇ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၄၃၁၇ ဒသမ ၅၅၂ ဘီလီယံဖြစ်ပါသဖြင့် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ၁၁၀ ဒသမ ၃၆ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

ဒုတိယ ခြောက်လပတ်အတွင်း အခွန်အကောက် ၂၂ မျိုးတွင် လျာထားချက်ပြည့်မီ၊ ကျော်လွန်အောင် ကောက်ခံနိုင်ခဲ့သည့် အခွန် ၁၃ မျိုးရှိပြီး လျာထားချက်အောက် လျော့နည်းကောက်ခံရရှိသည့် အခွန် ရှစ်မျိုး ရှိပါကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေတွင် လျာထားချက်ပါဝင်သော်လည်း ဒုတိယ ခြောက်လပတ်အတွင်း လျာထားချက်မရှိ၊ ကောက်ခံရရှိခြင်းမရှိသည့် အခွန်တစ်မျိုး ရှိပါကြောင်း။

ထို့ပြင် အခွန် ၂၂ မျိုးကို ပြည်ထောင်စုဝန်ကြီးဌာန ကိုးခုနှင့် နေပြည်တော်ကောင်စီတို့မှ ကောက်ခံခဲ့ပြီး (ယခင်)စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခု) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ယူကောက်ခံသည့် အခွန်ခြောက်မျိုးအတွက် အခွန်ကောက်ခံရန် လျာထားချက် ငွေကျပ် ၃၃၀၀ ဒသမ ၄၇၈ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၃၇၅၁ ဒသမ ၉၅၉ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၁၁၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခွန်အကောက်ရရှိမှုအပေါ် ပါဝင်မှုအချိုးအနေဖြင့် ၈၄ ဒသမ ၃၆ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အခြား ပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုနှင့် နေပြည်တော်ကောင်စီက တာဝန်ယူကောက်ခံသော အခွန် ၁၆ မျိုးအတွက် လျာထားချက် ငွေကျပ် ၆၁၁ ဒသမ ၇၈၉ ဘီလီယံ၊ ကောက်ခံရရှိမှု ငွေကျပ် ၅၆၅ ဒသမ ၅၉၃ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ၉၂ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီ အချိုးသည် ၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် နိမ့်ကျနေဆဲဖြစ်ရာ ရသင့်ရထိုက်သည့် အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ် (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုမှ ကောက်ခံသည့် အခွန်အကောက်များ ကောက်ခံရန် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို သိရှိနိုင်ပါရန်နှင့် အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေး၍ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွဋ်က အဆိုပါအခွန်ရငွေများနှင့် စပ်လျဉ်း၍ **ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၂၀)**ကို ဖတ်ကြားတင်ပြရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားနှင့် ကုန်သွယ်လုပ်ငန်းခွန်သည် အခွန်အခြေအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုးတက်ကောက်ခံနိုင်မည့် အလားအလာအကောင်းဆုံး ဖြစ်ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်လုပ်ငန်း၊ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းစသည့် လုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။


ဒုတိယဝန်ကြီး
ဒေါက်တာမင်းရဲပိုင်ဟိန်း


ကောလင်းမဲဆန္ဒနယ်မှ
ဦးမျိုးဇော်အောင်


လှိုင်းဘွဲ့မဲဆန္ဒနယ်မှ
ဦးခင်ချို


လဲချားမဲဆန္ဒနယ်မှ
ဦးစိုင်းဥက္ကာ

ထို့ကြောင့် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခွန်အကောက်များ တိုးတက်ကောက်ခံရရှိနိုင်စေရေး ဆောင်ရွက်ရာတွင် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံခြင်းထက် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရသင့်ရထိုက်သော အခွန်များ တိုးတက်ကောက်ခံရရှိနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် အခွန်ကောက်ခံမှုဧရိယာ တိုးချဲ့ဆောင်ရွက်ရန်၊ အခွန်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ဖြစ်နိုင်သမျှ တိုးချဲ့ဆောင်ရွက်သွားရန်၊ လိုက်နာမှုအားကောင်းစေရေးအတွက် ပညာပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်သွားရန်နှင့် Social Media များဖြင့်ပါ ပညာပေးနိုင်ရေး ဆောင်ရွက်သွားရန် သဘောထားမှတ်ချက် ပြုအပ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ရာ ၎င်းအဖွဲ့များအနေဖြင့် ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ဝစွာ ကောက်ခံရရှိရေးအတွက် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ဝစွာရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သည့်နည်းတူ တစ်ဖက်တွင်လည်း အခွန်ထမ်းပြည်သူများအတွက် အခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်စေဘဲ ဖြည့်ဆည်းပေးခြင်း၊ အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို သဘောထားမှတ်ချက် ပြုအပ်ပါကြောင်း။

ဘုံအကျိုးစီးပွားအတွက် အကောက်ခွန် အပြန်အလှန် လျှော့ချရေးအစီအစဉ် (CEPT)သည် နှစ်ဦးနှစ်ဖက်မျှတသော ကုန်သွယ်မှုဖြစ်စေရေးနှင့် အကျိုးကျေးဇူးမျှတစွာ ရရှိခံစားနိုင်ရေးကို ရည်ရွယ်ပြီး သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြချက်များအရ မြန်မာနိုင်ငံသည် တရုတ်၊ ဂျပန်၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများနှင့် CEPT သဘောတူစာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုထားပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လျှော့နှုန်းခံစားခွင့်ပြုခဲ့ရသည့် အကောက်ခွန်ပမာဏမှာ ငွေကျပ် ၄၀၁ ဒသမ ၁၉၃ ဘီလီယံရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ၎င်းနိုင်ငံများနှင့် ကုန်သွယ်ရာတွင် နှစ်ဦးနှစ်ဖက်မျှတသော ကုန်သွယ်မှုဖြစ်စေရေးအတွက် မိမိတို့အနေဖြင့်လည်း အပြန်အလှန် တင်ပို့ရောင်းချသွားနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပို့ကုန်အမျိုးအစားနှင့် ပို့ကုန်ပမာဏ တိုးချဲ့တင်ပို့နိုင်ရေး၊ တရားဝင်တင်ပို့မှု ဖြစ်စေရေးနှင့် တင်ပို့ရောင်းချသူများအတွက် CEPT အခွင့်အရေး အပြည့်အဝရရှိနိုင်စေရေး ဆောင်ရွက်သွားရန် လိုအပ်ပြီး သက်ဆိုင်သောဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ညှိနှိုင်းပေါင်းစပ်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အစီရင်ခံစာအမှတ်စဉ် (၂/၂၀၂၀) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်းနှင့် အစီရင်ခံစာအား ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဆွေးနွေး

ဆက်လက်၍ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘော ထားမှတ်ချက်အစီရင်ခံစာ ဒုတိယတွဲ (၁/၂၀၂၀)**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်**က ပုဂ္ဂလိကလေကြောင်းလိုင်းများအနေဖြင့် ခရီးသည်ဝန်ဆောင်ခများပေးသွင်းရန် ကျန်ရှိသည့်ကိစ္စတွင် ဒဏ်ကြေးနှင့် အတိုးသတ်မှတ်၍ ပေးသွင်းစေသင့်ပါကြောင်း၊ အစိုးရ၏ ငွေကိုရသလောက် အချိန်ယူထားခြင်းသည် နိုင်ငံတော်က အသုံးပြုရမည့် လုပ်ငန်းများကို နှောင့်နှေးစေပါကြောင်း၊ ထို့ပြင် သတ္တုတွင်းလုပ်ငန်း ရွှေကြွေးကျန်ရှိသည့် ကိစ္စရပ်များ မကြာခဏ ဖြစ်ပေါ်နေပါကြောင်း၊ အဆိုပါ ကိစ္စရပ်များတွင် ကုမ္ပဏီများကို သတ်မှတ်ချိန်ကျော်လွန်ပြီး အကြွေးကျန်ပါက ကျော်သည့်နှစ်အလိုက် ဒဏ်ကြေးရာခိုင်နှုန်းတစ်ခု သတ်မှတ်ထားသင့်ပါကြောင်း ဆွေးနွေးသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က ပညာရေးဝန်ကြီးဌာနအပေါ် စစ်ဆေးဖော်ပြချက်များတွင် အစီရင်ခံစာ အပိုဒ် ၁၆၅ ပါ အန္တရာယ်ရှိ အဆောင်များဖျက်သိမ်းမှုနှင့် ပတ်သက်၍ ဌာနပိုင်ကျောင်းအဆောက်အဦများကို ဒေသတစ်ခုနှင့်တစ်ခု မတူကွဲပြားစွာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းပါ ပြဋ္ဌာန်းများနှင့်အညီ တိကျသည့် ညွှန်ကြားချက်များထုတ်ပြန်ပြီး တစ်နိုင်ငံလုံးတစ်ပြေးညီပုံစံဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ မသမာမှု၊ မမှန်မကန်ဆောင်ရွက်မှု၊ လေလွင့်ပြုန်းတီးမှုနှင့် အလွဲသုံးစားမှုတို့ကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် လက်ရှိနယ်မြေကွင်းဆင်းပြီး ကျောင်းအဆောက်အဦများဆောက်လုပ်နေသည်ကို လေ့လာသည့် အခါတွင်လည်း လုပ်ငန်းအတွေ့အကြုံအရ လိုအပ်ချက်အများအပြား တွေ့နေရသောကြောင့် စာရင်းစစ်ရုံး အဆင့်ဆင့်အနေဖြင့်လည်း နိုင်ငံတော်အတွက် နစ်နာမှုများကို စစ်ဆေးဖော်ထုတ်နိုင်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ**က လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ထုတ်လုပ်မှုအပေါ် အချိုးကျခွဲဝေသည့်စာချုပ်အရ သတ္တုတူးဖော်သည့်လုပ်ငန်းတွင် အမှန်တကယ် ထုတ်လုပ်သည့်ပမာဏကို ကာလအလိုက် စာရင်းသွင်းအစီရင်ခံပြီး ၎င်းထုတ်လုပ်မှုအပေါ် နိုင်ငံတော်က အချိုးကျခွဲဝေရမည်ဖြစ်ပါကြောင်း၊ သို့သော် လစဉ်ပုံသေသတ်မှတ်၍ ပေးသွင်းစေခြင်းသည် လက်တွေ့အခြေအနေနှင့် သွေဖည်နေသည်ဟု သုံးသပ်ရပါကြောင်း၊ အမှန်တကယ် ထုတ်လုပ်မှုပမာဏကို မှန်ကန်စွာသိရှိမှသာ ဓာတ်သတ္တုခွန်နှင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှရရှိမည့် ထုတ်လုပ်မှုအချိုးကို တိကျစွာတွက်ချက်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ထုတ်လုပ်မှုပမာဏအပေါ် စာရင်းသွင်းတွက်ချက် ပုံနည်းလမ်းများကိုလည်း ဝန်ကြီးဌာနအနေဖြင့် ထပ်မံရှင်းလင်းရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာ ဒုတိယတွဲ( ၁/၂၀၂၀)နှင့် စပ်လျဉ်း၍ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခေါ်) ဦးအုန်းခင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်၊ဓာတ်ပုံ – စိုးဝင်းထွန်း**

# အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ (8th Myanmar Media Development Conference) အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ UNESCO၊ IMF / Fojo၊ DW Akademie၊ BBC Media Action ၊ Internews ၊ JICA ၊ MYPOL တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညီလာခံတွင် အဓိကထား၍ ဆွေးနွေးမည့်ခေါင်းစဉ်များ၊ ထည့်သွင်းဆွေးနွေးမည့် အကြောင်းအရာများနှင့် ညီလာခံကျင်းပမည့်ရက် လျာထားစီစဉ်ဆောင်ရွက်မှုတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**



အဋ္ဌမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ အထိမ်းအမှတ်ဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့ကျရောက်သည့် ပြည်ထောင်စု၏ဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ အထိမ်းအမှတ် ဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

ဖျော်ဖြေပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**"ရွှေအဆင်းနဲ့ ပြည်မြန်မာ" သီချင်းဖြင့် ဖွင့်လှစ်**

ဖျော်ဖြေပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းအဖွဲ့နှင့်တွဲဖက်ကာ "ရွှေအဆင်းနဲ့ ပြည်မြန်မာ" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်၊ ယိမ်းအကနှင့် ရုပ်သေးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အောင်ဆန်းမော်ကွန်း" ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖျော်ဖြေပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြဇာတ်ရုံအနီး ပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ ရဲဘော်သုံးကျိပ်နှင့် တပ်မတော်သားဘဝ၊ နိုင်ငံရေးသမားဘဝ၊ မိသားစုဘဝနှင့် နိုင်ငံခြားခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ၊ မိန့်ခွန်းကောက်နုတ်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားဖွဲ့ဆိုထားသည့် ကဗျာ မှတ်တမ်းဓာတ်ပုံများအား ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**





ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်နှင့် နေပြည်တော် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲအထိမ်းအမှတ် ဖျော်ဖြေပွဲကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# ကိုရိုနာဗိုင်းရပ်စ်(COVID-19) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

## ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီအထိ လူနာ ၁၈ ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကုသပေးလျက်ရှိပြီး ကျန်းမာရေးအခြေအနေ သက်သာကောင်းမွန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

**ခွဲစိတ်မှု၏ နောက်ဆက်တွဲပြဿနာများ**

ထိုသို့ဆောင်ရွက်ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်တွင် နေထိုင်သော အသက် (၁၇ နှစ်) အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လန်ချန်းဆေးရုံတွင် ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အူအတက်ပေါက်၍ ခွဲစိတ်ကုသမှုခံယူခဲ့ပြီး လောက်ကိုင်မြို့သို့ ဖေဖော်ဝါရီ ၄ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့ကာ ဖေဖော်ဝါရီ ၉ ရက်မှစ၍ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခွဲစိတ်ထားသော ချုပ်ရိုးနေရာမှ ပြည်များစိမ့်ထွက်ခြင်းစသည့် ခွဲစိတ်မှု၏ နောက်ဆက်တွဲပြဿနာများဖြင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ပြသ၍ ကုသမှုခံယူခဲ့ကြောင်း။

အဆိုပါ လူနာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိခြင်းနှင့် ကိုယ်အပူချိန် မြင့်တက်နေခြင်းတို့ကြောင့် လက်ရှိအခြေအနေအရ ခွဲစိတ်မှု၏ နောက်ဆက်တွဲ ပိုးဝင်ခြင်းဖြစ်နိုင်သော်လည်း ပိုမိုသေချာမှုရှိစေရန် စောင့်ကြည့်လူနာအဖြစ် သီးခြားထားရှိ ကုသမှုပေးလျက်ရှိကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ အသက် (၂၄ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးမြို့သို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ စောင့်ကြည့်လူနာအဖြစ် သီးခြားထားရှိ ကုသမှုပေးလျက်ရှိကြောင်းနှင့် အဆိုပါလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူနာအား လတ်တလောစစ်ဆေးချက်များအရ အခြားပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ မတွေ့ရှိရကြောင်း။

**ဓာတ်ခွဲအဖြေများကို စောင့်ဆိုင်းနေဆဲဖြစ်**

ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီအထိ လူနာ ၁၈ ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း၊ လူနာများ၏ ဓာတ်ခွဲအဖြေများကို စောင့်ဆိုင်းနေဆဲဖြစ်ပြီး ရရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

# လှိုင်သာယာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**သွန်းလုပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြည်ထောင်စု၏ ရှေ့ဆောင်လမ်းပြ၊ လွတ်လပ်ရေးဖခင်နှင့် မြန်မာ့တပ်မတော်ကို ထူထောင်ခဲ့သော တပ်မတော်ဖခင်ကြီး၏(၁၀၅)နှစ်ပြည့် မွေးနေ့တွင် ဗိုလ်ချုပ်၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ထားရှိဖွင့်လှစ်ခြင်းသည် မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်ပါကြောင်း၊ (၂၁)ရာစု ပင်လုံညီလာခံ အစည်းအဝေးကြီးမှ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ထောင်နိုင်ရန် ဆက်လက်ကြိုးစားရန်းကန်ကြရမည့် အချိန်ကာလတွင် ပြည်ထောင်စုတစ်ဝန်း ညီညွတ်ရန် လိုအပ်ပါကြောင်း၊ ထိုညီညွတ်မှုဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအလယ်တွင် ဂုဏ်တင့်စေရန် ဆက်လက် ကြိုးပမ်းရမည်ဖြစ်ရာ ဂုဏ်ပြုရမည့်သူများကို ဂုဏ်ပြုရမည်ဖြစ်၍ မျိုးဆက်သစ်လူငယ်များ စံနမူနာယူထိုက်၊ လေးစားထိုက်သော ပုဂ္ဂိုလ်များ၏ စိတ်ဓာတ်များ လက်ဆင့်ကမ်းနိုင်ရန် ယနေ့အခါတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုကို သွန်းလုပ်ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**အမွှေးနံ့သာများ ပက်ဖျန်း**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီဝင်များက ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုအား အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

**ကြိုးပမ်းခဲ့**

ဗိုလ်ချုပ် ကြေးရုပ်တုသည် ကြေးပိဿာချိန် ၃၅၅ ပိဿာ၊ အမြင့်ကိုးပေ ခြောက်လက်မရှိပြီး မန္တလေးမြို့ တမ္ပဝတီ ဦးသန်းဇော်က သွန်းလုပ်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်လှစ်နိုင်မှုနှင့်စပ်လျဉ်း၍ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဝင်းက "လှိုင်သာယာမှာ ဗိုလ်ချုပ်ကြေးရုပ်ထားရှိဖို့ ပြည်သူတွေကြိုးပမ်းခဲ့တာကြာပါပြီ။ ပြည်သူတွေ လှူဒါန်းငွေနဲ့ ပြည်သူတွေထားရှိလိုတဲ့နေရာမှာ ထားရှိနိုင်တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူနေကြပါတယ်။ ဗိုလ်ချုပ်မွေးနေ့မှာပြည်သူနဲ့ဌာနဆိုင်ရာ ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်မှုအပေါ် လှိုင်သာယာ ပြည်သူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သစ္စာ**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပြခန်းတွင် လာရောက်လေ့လာသူများဖြင့် စည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့ကျရောက်သည့် ပြည်ထောင်စု၏ဖိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပြခန်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နေပြည်တော် သပြေကုန်းအဝိုင်း ဗိုလ်ချုပ်ကြေးရုပ်တုအနီးတွင် ဖွင့်လှစ်ပြသထားရာ ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပြခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ ရဲဘော်သုံးကျိပ်နှင့် တပ်မတော်သားဘဝ၊ နိုင်ငံရေးသမားဘဝ၊ မိသားစုဘဝနှင့် နိုင်ငံခြားခရီးစဉ် မှတ်တမ်းဓာတ်ပုံများအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူများ၊ မိန့်ခွန်းကောက်နုတ်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားဖွဲ့ဆိုထားသည့် ကဗျာအပါအဝင် စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသထားသည်။



ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပြခန်းတွင် လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

အထိမ်းအမှတ်ပြခန်း ဖွင့်လှစ်ပြသရခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်က ပြန်ကြားပေးရန်၊ ပညာပေးရန်နဲ့ ဖျော်ဖြေပေးရန် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်အတိုင်း အခုပြခန်းမှာ ပေးစွမ်းနိုင်အောင် ကြိုးစားထားပါတယ်။ အဓိကက မြန်မာနိုင်ငံရဲ့ ဓာတ်ပုံကဏ္ဍမြှင့်တင်ပေးနိုင်ဖို့အတွက်လည်း တစ်စိတ်တစ်ပိုင်းပါပါတယ်။ နှစ်စဉ်နှစ်တိုင်းမှာလည်း တစ်နှစ်ကို နှစ်ကြိမ် ဓာတ်ပုံပြိုင်ပွဲတွေ လုပ်ပေးပြီး ဆုချီးမြှင့်ပေးပါတယ်။ဒီနေ့ကတော့ အားလုံးသိတဲ့အတိုင်း ဗိုလ်ချုပ် မွေးနေ့နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်တယ်။ ဒါနဲ့ တစ်ပြိုင်တည်း ဆက်စပ်ပြီး နေပြည်တော်ကောင်စီနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပူးပေါင်းပြီးတော့ အခုပြခန်းကို ပြသထားခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အခုပြခန်းမှာ ခေါင်းစဉ် အကြောင်းအရာ ၁၁ ခု၊ ကဏ္ဍ ၁၁ ခု ခွဲထားပါတယ်။ အဲဒါတွေက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ ရဲဘော် သုံးကျိပ်ဘဝ၊ စစ်မှုထမ်းဘဝ၊ နိုင်ငံရေးသမားဘဝ၊ မိသားစုဘဝ၊ အဲဒါမျိုးတွေအပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းကောက်နုတ်ချက်တွေထဲကနေ ၁၈ ခုလောက် ထုတ်နုတ်ပြီး ဖော်ပြထားပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားတဲ့ ဆောင်းပါးတို့၊ ကဗျာတို့ကိုလည်း ပြသထားပါတယ်" ဟု ပြောသည်။

ထို့ပြင် ၎င်းက "အဓိကကတော့ ဗိုလ်ချုပ်မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်ကို ကလေးများနေ့လို့ သတ်မှတ်ထားတယ်။ ဒီနေ့ကို ကျွန်တော်တို့က အာဇာနည်နေ့နဲ့ မတူ၊ ကွဲပြားအောင် လုပ်ထားတယ်။ အထူးသဖြင့် ကလေးများနေ့ဖြစ်တဲ့အတွက် ကလေးတွေ အားကျအောင် ရည်ရွယ်ပါတယ်။ ဒီမှာ ကဗျာရွေးတာ ကအစ တမ်းတမ်းတတ ဆိုတာမျိုးထက် ပိုပြီးတော့ တမ်းတတာလည်း ပါမယ်။ ဒီထက်ပိုပြီးထိရောက်နိုင်တဲ့ အားကျဂုဏ်ယူကြမယ့် ကဗျာမျိုး၊ ဆောင်းပါးမျိုးတွေကို ပိုပြီးဦးစားပေးထားပါတယ်။အဓိကကတော့ဗိုလ်ချုပ်မွေးနေ့မှာ ပြည်သူတွေက ဗိုလ်ချုပ်ကို အမှတ်တရနဲ့ ချစ်ပြီးတော့ ဗိုလ်ချုပ်ကဲ့သို့ လူရည်လူချွန်၊ လူတော်လူကောင်းတွေ များများပေါ်ထွန်းလာဖို့ ရည်မှန်းပြီး ဖွင့်လှစ်ပြသရခြင်းဖြစ်ပါတယ်။

"ဒီနေရာမှာအပြင် ဒီနေ့ MICC–2 မှာလည်း ဗိုလ်ချုပ်မွေးနေ့နဲ့ ပတ်သက်ပြီး ပြပွဲပြိုင်ပွဲတွေနဲ့ ဆုချီးမြှင့်ပွဲလည်း ကျင်းပဖို့ရှိပါတယ်။ အဲဒီမှာလည်း ဒီမှာနည်းတူ ဗိုလ်ချုပ်အောင်ဆန်း ပြခန်းတွေဖွင့်ထားပါတယ်။ ဓာတ်ပုံပေါင်း ၈၀ နီးပါး ရွေးထားတာပါ။ အဲဒီထဲကနေ ၇၃ ပုံလောက်ကို ပြဖို့လုပ်ထားပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းကောက်နုတ်ချက် ၁၈ ခုရွေးထားတာကနေ ၁၇ ခုလောက်ပြသထားပါတယ်။ ကဗျာက ၆ ပုဒ်လောက်နဲ့ ဆောင်းပါးက ၃ ပုဒ်လောက် ပြသထားပါတယ်။ ကဏ္ဍအနေနဲ့က ၁၁ ခုနဲ့ မော်ကွန်းတိုက် ဦးစီးဌာနကလည်း တစ်ခန်းပြသထားပါတယ်။ MICC–2 မှာ ပြခန်းစုစုပေါင်း ၁၂ ခန်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံကို ပုံကြီးချဲ့ပြီး ပြသထားပါတယ်"ဟု ပြောသည်။

သပြေကုန်းအဝိုင်းအနီး ဗိုလ်ချုပ်ဆောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပြခန်းကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ဂျိုင်းလော**

# ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်ပြည့် မွေးနေ့အလှူ ပန်းချီပြပွဲ ရန်ကုန် ဗိုလ်ချုပ်ဈေး၌ကျင်းပ ရောင်းရငွေများ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ လှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်း၏(၁၀၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် Taw Win Art Gallery က ကြီးမှူး၍ ပန်းဘဲတန်းမြို့နယ်နေ ပန်းချီ ဆရာ၊ ဆရာမများ ရေးဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီကားများ စုစည်းပြသသည့် ပန်းချီပြပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၌ ကျင်းပသည်။

ပန်းချီပြပွဲနှင့် ပတ်သက်၍ ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက "ဒီနေ့ပြပွဲလေးက ဗိုလ်ချုပ်အောင်ဆန်းရဲ့ (၁၀၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အနေနဲ့ ပန်းဘဲတန်းမြို့နယ် ပန်းချီအစည်းအရုံးက ဦးဆောင်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီပြပွဲလေး လုပ်တာပါ။ ဒီကရောင်းရတဲ့ငွေတွေကို ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကို လှူဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေ၊ အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်တာတွေ ရှိပါတယ်။ အခုလိုအထင်ကရအမျိုးသားခေါင်းဆောင်ကြီးရဲ့ မွေးနေ့အထိမ်းအမှတ် အမှတ်တရဖြစ်အောင် ဗိုလ်ချုပ်အောင်ဆန်းပုံတွေကိုပဲ အထူးသီးသန့်ရေးဆွဲကြပြီး ဒီနေ့ပြသတာဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်တွေ နောက်ကလေးတွေ ရင်ထဲမှာ ကိန်းအောင်းအောင်လို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်က အမှန်တရားကို မြတ်နိုးတယ်၊ တိုင်းပြည်အတွက် သူ့ရဲ့ကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံခဲ့တဲ့ စိတ်ထားကို အခုခေတ်ကလေးတွေ သိစေချင်တယ်။ ဗိုလ်ချုပ်ရဲ့ပန်းချီကားတွေက ဗိုလ်ချုပ်ရဲ့ သမိုင်းတွေကို ပြောပြလို့ရတဲ့ အနေအထားတွေရှိတယ်။ ဒါတွေကို ပန်းချီ ဆရာတွေက ပုံဖော်ပြသထားပြီး လာရောက်ကြည့်ရှုတဲ့သူတွေကို ပန်းချီဆရာတွေက ပြန်ရှင်းပြတာတွေ လုပ်စေချင်တယ်။ ဗိုလ်ချုပ်ရဲ့ အတုယူစရာတွေကို နမူနာယူပြီး နောင်လာနောက်သား ကလေးတွေအတွက် တိုင်းပြည်ချစ်စိတ်၊ လူမျိုးကို ချစ်တဲ့စိတ်တွေ ပေါ်ပေါက်လာအောင် ကိုယ့်မြို့နယ်ထဲမှာ အခွင့်အခါသင့်တိုင်း ဒီလိုပွဲမျိုးတွေကို ပြသဖို့အတွက် ကြိုးစားရတာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပန်းချီပြပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ လေးရက်တိုင်ပြသသွား မည်ဖြစ်ရာ ပန်းချီကားတစ်ကားလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဝယ်ယူအားပေးနိုင်ပြီး ပန်းချီကားရောင်းရငွေများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

# ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသည့် တိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာများနှင့် ထူးခြားသော ဝိသေသလက္ခဏာများ

မိုးကေနိုင်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှေးပဝေသဏီကတည်းက အတူတကွ လက်တွဲမှီတင်းနေထိုင်ကြကုန်သော ညီနောင်များ၊ တိုင်းရင်းသားညီအစ်ကိုများတွင် အစဉ်အလာကြီးသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း ယုံကြည်ကိုးကွယ်မှု အနုပညာ၊ အထိမ်းအမှတ်ပွဲတော်၊ ဘာသာစကား၊ စာပေများ၊ စကားပုံများအသီးသီး ရှိကြသည်။ ၎င်းတို့သည် တိုင်းရင်းသားတို့၏ ထူးခြားသည့် အမှတ်လက္ခဏာများ ဖြစ်သကဲ့သို့ ပြည်ထောင်စုကြီး၏ သင်္ကေတတစ်ခုလည်းဖြစ်သည်။ တိုင်းရင်းသားအသီးသီး၏ မူပိုင်သီးခြားလက္ခဏာ တစ်ခုအဖြစ်လည်း မြင်နိုင်ပါသည်။ အချို့သော ယဉ်ကျေးမှုအမွေအနှစ်များသည် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသကဲ့သို့ ရှိကြပြီး အေးအတူပူအမျှ ကောင်းတူဆိုးဖက် မျှဝေခံစားလျက် နိုင်ငံတော်ကြီးကို တက်ညီလက်ညီ ထူထောင်နိုင်ရေးကို မျှော်မှန်းနေဟန် ရှိပါသည်။

ယနေ့ မြန်မာနိုင်ငံတော်ကြီးကား ကိုလိုနီစနစ်အောက်မှ လွတ်မြောက်သည်မှာ (၇၂)နှစ်ကျော်ပြီဖြစ်သည်။ လွတ်လပ်သော နိုင်ငံအဖြစ် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်လည်း ရရှိကြပြီဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားတို့သည် မိမိတို့၏ သီးခြားဝိသေသ ဆောင်သော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အသက်တမျှ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မြဲရေးတွင် အထောက်အကူဖြစ်စေမည့် စွမ်းအားများအဖြစ် ပြောင်းလဲသင့်ပါသည်။ မိမိတို့၏ ဘာသာစကား၊ စာပေအမွေအနှစ်များကို ငြိမ်းချမ်းရေးစိတ်ဓာတ်အတွက် ဖော်ဆောင်နိုင်သည့် အရည်အချင်းများအဖြစ် ပြောင်းလဲနိုင်လျှင် တိုင်းရင်းသားများ စုစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မည်ဟုထင်မြင်မိပါသည်။



## မနောပွဲနှင့် မနောစိတ်ဓာတ်

မနောပွဲသည် ကချင်တိုင်းရင်းသားတို့၏ လူသိအများဆုံးနှင့် အရေးပါဆုံးပွဲတော်တစ်ခု ဖြစ်သည်။ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားတိုင်းတွင် မနောတိုင်များ စိုက်ထူ၍ မနောအကများဖြင့် ကျင်းပလေ့ရှိသော မနောပွဲများသည် နှစ်စဉ်ခြိမ့်ခြိမ့်သဲသဲ ရှိလှသည်။ နတ်ကောင်းနတ်မြတ်များကို ကိုယ်စားပြုသည့် မနောတိုင်ခြောက်တိုင်သည် အဓိပ္ပာယ်ကိုပို၍ လေးလေးနက်နက် ကောက်ယူကြည့်ပါက ဥစ္စာဓနပေါကြွယ်ဝစေရန်၊ သတ္တိ ဗျတ္တိနှင့် ပြည့်စုံစေရန်၊ အေးမြသာယာငြိမ်းချမ်းစေရန်၊ ရေပက်မဝင်သော ချစ်ခြင်းမေတ္တာဖြင့် စည်းလုံးညီညွတ်မှုကို ရရှိကြစေရန်ဟူသည့် လက္ခဏာများကို ဖော်ညွှန်းနေသည်ကို တွေ့ရသည်။ အရင်းစစ်သော် မနောတိုင်၊ မနောစိတ်ဓာတ်အပြည့် ရှိသော ကချင်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့် မျိုးချစ်စိတ်ဓာတ်သည် ကျန်ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့်အတူ ကမ္ဘာတည်သရွေ့ ထာဝရလက်တွဲသွားမည့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ယင်းစိတ်ဓာတ်ကို အခြေခံ၍ နိုင်ငံတော်ကြီးကို ဘေးရန်အန္တရာယ်များမှ စုပေါင်းကာကွယ်တည်ဆောက်မည်ဟူသော အတိတ်နိမိတ်များကို ဆောင်ယူနေဟန် ရှိပါသည်။

## သစ္စာတရားကို ပြသရာ ကိန္နရီကိန္နရာ

ထို့အတူ ကယားတိုင်းရင်းသားတို့၏ ထူးခြားသော သင်္ကေတကိုလည်း လေ့လာကြည့်ပါက ကယားပြည်နယ်ဟုဆိုလျှင် အချစ်ကြီးသော သင်္ကေတဖြစ်သည့် ကိန္နရီကိန္နရာ စသည်ကိုတွဲ၍ မြင်မိသည်။ သစ္စာတရားနှင့် ရှင်သန်မှုကို ကိုယ်စားပြုသည်ဟုဆိုပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်မခွဲခြား တစ်သားတည်းရှိသည်ဟူသည့် အချက်ကို ကယားတိုင်းရင်းသားတို့၏ အမျိုးသားရေး ဝိသေသလက္ခဏာတစ်ခုအဖြစ် အဓိပ္ပာယ် ဖော်မိသည်။ ကယားတိုင်းရင်းသားတို့၏ ပြည်နယ်အလံတွင် အပေါ်ဆုံးအနီရောင်နှင့် အောက်ဆုံး အစိမ်းရောင်ကြားအလယ် အပြာရောင်အပေါ်တွင် ကိန္နရာ၏ အလှတရားက ပေါ်လွင်နေသည်။ ရဲရင့်ပြတ်သားခြင်းနှင့် သယံဇာတ ပေါကြွယ်ဝခြင်းတို့၏အကြား အပြာရောင်တည်ငြိမ်အေးချမ်းခြင်းက ကိန္နရီကိန္နရာမှ ဆင်းသက်လာသော ကယားလူမျိုးများ၏ ပုံရိပ်ကို ထင်ဟပ်နေသလို ပြည်ထောင်စုသားအားလုံး၏ စစ်မှန်သော ချစ်ခြင်းတရား အရေးပါပုံကိုလည်း ပြသရာ ရောက်ပါသည်။

## ဖားစည်နှင့် လက်ချည်ပွဲ

ကရင်လူမျိုးဆိုလျှင် ဖားစည်နှင့် ဒွန်တွဲပါဝင်လေ့ရှိသည်။ ကရင်လူမျိုးတို့သည် ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ဖားစည်ကို အထူးစောင့်ရှောက် ထိန်းသိမ်းကြသည်။ ကရင်လူမျိုးများ၏ အဆောင်အယောင်ပစ္စည်းတစ်ခုဖြစ်သည့် ဖားစည်၏ ကောင်းမွန်သော သင်္ကေတအဓိပ္ပာယ်တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်ပွဲများဖြစ်ကြရာ၌ ရန်ပွဲများ ငြိမ်းအေးဖို့ လက်ဆောင်အဖြစ် ဖားစည်ပေးကြကြောင်း လေ့လာမိသည်။ အခြားဖားစည်များနှင့်မတူ စစ်ချီဖားစည်ဆိုသည့် အမျိုးအစားတစ်ခုလည်း ရှိသေးသည်။ အသံကျယ်လောင်စွာ မြည်ဟိန်းထွက်သော ၎င်းဖားစည်သည် ဘေးအန္တရာယ်တစ်ခုခု ကျရောက်လာလျှင် အရေးပေါ်လူစု၍ စစ်ထွက်ရန် တပ်လှန့်နှိုးဆော်သံတစ်ခုဖြစ်သည်။ တီးခတ်အချက်ပေးခြင်းဖြင့် စစ်အောင်ပွဲများရရှိစေကြောင်း ဆိုလေ့ရှိသည်။ ထို့အပြင် ကရင်လူမျိုးတို့၏ ဝါခေါင်လ လက်ချည်ပွဲတစ်ခုကလည်း ရှေးကရင်ခေါင်းဆောင်ကြီးများ၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ဖော်ပြနေပါသည်။ ယင်းစုပေါင်းပြုလုပ်သော လက်ချည်ပွဲ၏ ရည်ရွယ်ချက်သည် စုပေါင်းနေထိုင်ခြင်း၊ စုပေါင်းလုပ်ကိုင်စားသောက်ခြင်း၊ အန္တရာယ်ဘေးများကို စုပေါင်းကာကွယ်တွန်းလှန်ခြင်း စသည်များပင်ဖြစ်သည်။ ကွဲကွာနေသော မိသားစုဆွေမျိုးများ ပြန်လည်စုစည်းခြင်း သရုပ်ကို လှစ်ဟမှုက ပြည်ထောင်စုသွေးရင်းသားရင်းအချင်းချင်း ချစ်ကြည်သွေးစည်းခိုင်မာစေရန်၊ မိစ္ဆာရန်သူများ သွေးဆောင်ရာနောက်သို့ ပါမသွားစေရန်၊ ကမ္ဘာတည်သရွေ့ စည်းလုံးကြစေရန် ဖော်ညွှန်းနေသည်မှာ အသေအချာပင် ဖြစ်ပါသည်။

## တောင်ဇလပ်ပန်းနှင့် အောက်ချင်းငှက်မောင်နှံ

ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားတို့၏ မွန်မြတ်ထူးကဲသော သင်္ကေတကို လေ့လာပါက အောက်ချင်းငှက်နှင့် တောင်ဇလပ်ပန်းကို မေ့၍မရပေ။ အောက်ချင်းငှက်ဖိုမောင်နှံ၏ တစ်ဦးနှင့်တစ်ဦးအနားကမခွာ ကိုယ့်တာဝန်ကို ကျေပွန်စွာ ကျွေးမွေးစောင့်ရှောက်တတ်သည့် မေတ္တာသင်္ကေတကား ချင်းလူမျိုးများ၏ သစ္စာတရားကြီးမားပုံကို ဖော်ညွှန်းနေသကဲ့သို့ ရှိသည်။ ချင်းပြည်နယ်၏ ထူထပ်လှပသည့် တောင်တန်းအစွန်အဖျားများတွင် ပေါက်ရောက်တတ်သည့် ရဲရဲနီသော တောင်ဇလပ်ပန်းက ချင်းလူမျိုးများ၏ သတ္တိရှိမှုနှင့် ရဲရင့်မှုကို ပြသနေဟန်ရှိသည်။ မည်သို့ပင်ဆိုစေ ထိုတောင်ဇလပ်ပန်းနှင့် အောက်ချင်းငှက်သင်္ကေတများက ချင်းလူမျိုးများ၏ သစ္စာတရားကြီးမားမှုနှင့် မေတ္တာတရားကို ပြသနေသည်။ ယင်းအချက်များကပင် ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားအပေါင်းတို့အနေဖြင့် ဘုံရည်မှန်းချက်တစ်ခုအတွက် အတူတကွ လက်တွဲယှဉ်ဆက်ပြီး ချီတက်ရှေ့ဆက်ကြရန်၊ ဘေးအန္တရာယ်အပေါင်းကို ခုခံရင်ဆိုင်နိုင်ရန်၊အသက်စွန့်၍ တာဝန်ယူစောင့်ရှောက်ကြရန်အတွက် စံနမူနာကောင်းများကို ပြသနေသကဲ့သို့ ရှိနေပါသည်။

## ဟင်္သာတို့၏ ခွန်အား

မွန်လူမျိုးတို့သည်လည်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွသော လူမျိုးများဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာအစဦးတွင်လည်း မွန်တိုင်းရင်းသားညီနောင်နှစ်ပါးက မြတ်စွာဘုရား၏ ဆံတော်ရှင်ရှစ်ဆူကို သယ်ဆောင်လာခဲ့သည့် သာသနာ ရာဇဝင်သည် မွန်တိုင်းရင်းသားတို့၏ ဘာသာတရားအပေါ် အလေးအမြတ်ထားမှုကို ဖော်ပြနေပါသည်။ မွန်လူမျိုးတို့သည် မိမိတို့၏ ဘာသာစကား စာပေ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်ကွယ် မတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်ကြသည့်နည်းတူ မိမိတို့၏ အစဉ်နိုးကြားတက်ကြွနေသည့် ဇာတိသွေး ဇာတိမာန်ကိုလည်း တိုင်းရင်းသား လူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် အညမညဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် ပြည်ထောင်စု၏ဂုဏ်ကို အမြဲစောင့်ရှောက်ထိန်းသိမ်းကြလျက် ရှိကြသည်။ဟင်္သာရုပ်သည် မွန်အမျိုးသားတို့၏ အမျိုးသားရေးအမှတ်တံဆိပ်တစ်ခုဖြစ်သည်။ ဟင်္သာသင်္ကေတကို မိမိတို့၏ အမျိုးသားနိုင်ငံရေးရည်မှန်းချက်အတွက် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ အလုံးအထည်ကြံ့ခိုင်သန်စွမ်းမှု၊ တစ်ရှိန်ထိုး ပျံတက်နိုင်စွမ်းရှိသော တောင်ပံအစုံနှင့် ဟင်္သာငှက်တို့သည် ရန်မရှာတတ်သော်လည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားယူနေရသော ပြည်ထောင်စုကြီးအတွက်မူ ခရီးမဆုံးသေးသည့် လမ်းခရီးအတွက် ခွန်အားတစ်ရပ်ဖြစ်စေပါကြောင်း အသိအမှတ်ပြုလိုပါသည်။

## ရခိုင်ရိုးရာကျင်ကိုင်ပွဲနှင့် ပြည်နယ်အမှတ်တံဆိပ်

ရခိုင်တိုင်းရင်းသားတို့ အစဉ်အဆက်နေထိုင်သည့် ရခိုင်ပြည်နယ်ကား ယဉ်ကျေးမှုအမွေအနှစ်များ အလွန်ပေါများလှသည်။ ရခိုင်ပြည်နယ်၏ အောင်လံတွင် အဖြူရောင်ပါဝင်မှုသည် ရခိုင်တိုင်းရင်းသားတို့၏ ဖြူစင်ဖြောင့်မတ်မှု၊ အမျိုးသီလစောင့်ထိန်းမှု၊ တည်ကြည်ရိုးသားမှုတို့ကို ဖော်ပြနေသလို ရဲရင့်သတ္တိရှိမှုနှင့် ဇာတိသွေးဇာတိမာန် ပြည့်ဝမှုတို့က အလံတွင် ပါဝင်သော ထက်ဝက်ခန့် အနီရောင်က ဖော်ဆောင်ပြသနေပါသည်။ ထို့ပြင်ယဉ်ကျေးမှု ထွန်းကားပြီး ဥစ္စာဓနပေါကြွယ်ဝမှု၊ သန့်ရှင်းမှု၊ ဖြူစင်မှုကို ပြသသည့်အနေဖြင့် ဖြူစင်သော သဇင်ပန်းနှစ်ခက် ခြံရံထားသည့် ဒင်္ဂါးသင်္ကေတသည် ရခိုင်ပြည်နယ်၏ အမှတ်တံဆိပ်တစ်ခုဖြစ်ကြောင်း သိရှိရသည်။ ၎င်းတံဆိပ်တွင် ပါဝင်သော အမှတ်လက္ခဏာများသည် အုပ်ချုပ်မင်းလုပ်သူများအနေဖြင့် မင်းကျင့်တရားဆယ်ပါး၊ နာယကဂုဏ်ခြောက်ပါး၊ သင်္ဂဟတရားလေးပါးအပြားကို ပေါ်လွင်စေရန် ရည်ညွှန်းပြဆိုထားကြောင်းလည်း သိရှိရပါသည်။ ထို့ပြင် ရခိုင်ရှေးမင်းများအဆက်ဆက် ပွဲတော်များတွင် ပါဝင်ထည့်သွင်းကျင်းပလေ့ရှိသော ရခိုင်ရိုးရာ ကျင်ကိုင်ပွဲသည်လည်း ရခိုင်လူမျိုးတို့၏ လျင်မြန်မှု၊ ခွန်အားကြီးမားမှု၊ ဖွဲလုံ့လဝီရိယရှိမှုတို့ကို ဆိုလိုရင်းဖြစ်ပြီး ပိုမိုတန်ဖိုးထား မြတ်နိုးအပ်သော အားကစားနည်းတစ်ရပ်လည်း ဖြစ်ပါသည်။

## ပင်လုံစာချုပ် မွေးဖွားရာပြည်နယ်

ရှမ်းပြည်နယ် ရှမ်းလူမျိုးများနှင့် ပတ်သက်လျှင်ကား တစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် တောင်တန်းနှင့် ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးကို ရအောင်ယူမယ်ဆိုပြီး ဆုံးဖြတ်ချက် ချမှတ်လိုက်သော ဖေဖော်ဝါရီလ ၇ ရက်နေ့ကို သမိုင်းဝင် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းက ရှမ်းပြည်နယ်လူထု၏ လွတ်လပ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြရာရောက်သည်။ ရှမ်းလူမျိုးတို့က ထိုနေ့ကို ပင်လုံစာချုပ် မွေးဖွားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စတင်ပေါ်ပေါက်ရန် အစပျိုးသည့် နေ့တစ်နေ့အဖြစ် သတ်မှတ်ဂုဏ်ယူကြသည်။ ထိုနည်းတူ ရိုးရာယဉ်ကျေးမှုများ ဖြစ်သော ရှမ်းရိုးရာအိုးစည်၊ တိုးနယား၊ ကိန္နရီ ကိန္နရာများသည်လည်း ရှမ်းမျိုးနွယ်စုအားလုံး၏ မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။

အထက်ပါဖော်ပြချက်များသည် စုစည်းမိသမျှ တင်ပြချက်များသာ ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့်တကွ မျိုးချစ်စိတ်ဓာတ်ကို ဖော်ညွှန်းသော အမိနိုင်ငံအတွင်း အခြားသော သွေးချင်းများ၏ ထူးခြားသော အမှတ်သင်္ကေတများလည်း ရှိနေပါသေးသည်။

အချုပ်အားဖြင့် တိုင်းရင်းသားအပေါင်းတို့၏ မေတ္တာတရား၊ သစ္စာကြီးမားမှု၊ သတ္တိဗျတ္တိနှင့် ရဲဝင့်ပြတ်သားစွာဖြင့် အန္တရာယ်ရန်စွယ်ဟူသမျှ စုပေါင်းတွန်းလှန်လိုစိတ်များက ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုအလှတရား၊ ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ရန်အတွက် စံနမူနာကောင်းလက္ခဏာရပ်များအဖြစ် ရှုမြင်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> “ ယနေ့ မြန်မာနိုင်ငံတော်ကြီးကား ကိုလိုနီစနစ်အောက်မှ လွတ်မြောက်သည်မှာ (၇၂)နှစ်ကျော်ပြီ ဖြစ်သည်။ လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်လည်း ရရှိကြပြီဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားတို့သည် မိမိတို့၏ သီးခြားဝိသေသဆောင်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အသက်တမျှ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လျက် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မြဲရေးတွင် အထောက်အကူဖြစ်စေမည့် စွမ်းအားများအဖြစ် ပြောင်းလဲသင့်ပါသည်။ မိမိတို့၏ ဘာသာစကား၊ စာပေအမွေအနှစ်များကို ငြိမ်းချမ်းရေးစိတ်ဓာတ်အတွက် ဖော်ဆောင်နိုင်သည့် အရည်အချင်းများအဖြစ် ပြောင်းလဲနိုင်လျှင် တိုင်းရင်းသားများ စုစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို ဖော်ဆောင်နိုင်မည်”

# ပြည်သူတွေ လေအရည်အသွေးနဲ့ပတ်သက်ပြီး စိုးရိမ်မှုဖြစ်နေမှာစိုးတဲ့အတွက် တိုင်းတာရရှိမှုကို ဖေဖော်ဝါရီ ၆ ရက်ကစပြီး ထုတ်ပြန်ခဲ့ ရရှိတဲ့အချက်အလက်အရလည်း ၅၀ နဲ့ ၁၀၀ ကြားမှာ ရှိတဲ့အတွက် ကျန်းမာရေးကို ထိခိုက်နိုင်တဲ့ အနေအထားမရှိပါဘူး

ရန်ကုန်မြို့ လေထုအရည်အသွေးနှင့် ပတ်သက်ပြီး ရန်ကုန်မြို့နေ ပြည်သူများအကြား စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး) စခန်းက ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ နေ့စဉ် တိုင်းတာရရှိသည့် ရန်ကုန်မြို့ လေအရည်အသွေး (PM2.5) အခြေအနေများကို ၎င်းတို့၏ ဌာနဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်လာခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့ လေထုအရည်အသွေးနှင့် ပတ်သက်သည့် အခြေအနေနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မိုးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဒေါက်တာ ကျော်မိုးဦး ညွှန်ကြား ရေးမှူးချုပ်၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန

**မေး။ ။ ရန်ကုန်မှာ လေထုအရည်အသွေးနဲ့ ပတ်သက်ပြီး ရန်ကုန်နေ ပြည်သူတွေက စိုးရိမ်တာမျိုး ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရန်ကုန်မှာ လေထုအညွှန်းကိန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဌာနကနေ တိုင်းတာလည်းရှိတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း တိုင်းတယ်။ တခြားသော NGO အဖွဲ့အစည်းတွေက တိုင်းတာလည်းရှိတယ်။ များသောအားဖြင့် ဒီလို အဖွဲ့အစည်းတွေ တိုင်းတာကြတာက လူစည်ကားတဲ့ အချိန်မှာ တိုင်းတာပြီး သတင်းထုတ်ပြန်တာမျိုးရှိတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ လဆန်းမှာပဲ အဖွဲ့အစည်းတစ်ခုက လူစည်ကားတဲ့ အချိန်ပိုင်းတစ်ခုတိုင်းပြီး ရလာတဲ့ လေအရည်အသွေးဟာ အန္တရာယ်ဖြစ်လောက်တဲ့အထိ ရောက်နေပြီလို့ ထုတ်ပြန်ပါတယ်။ ဒီလို ထုတ်ပြန်လိုက်တဲ့အတွက် ပြည်သူလူထုက သတိထားမိလာတယ်။ ဒီလို တိုင်းတာပြီး သတင်းထုတ်တဲ့အခါ ရန်ကုန်မြို့ရဲ့ လေအရည်အသွေးဟာ ဗန်ကောက်တို့၊ ပေကျင်းတို့ထက်ကို ပိုဆိုးနေတဲ့ ပုံစံမျိုး ထုတ်ပြန်ပါတယ်။ အမှန်တော့ ဗန်ကောက်တို့၊ ပေကျင်းတို့ဟာ ကျွန်တော်တို့ထက် အများကြီးဆိုးတဲ့ နေရာဒေသတွေဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ပညာရှင်တွေက ပြန်ပြီး ဖြေကြားထားတာရှိပါတယ်။

အရင်တုန်းက လေအရည်အသွေးကို ကျွန်တော်တို့အနေနဲ့ တိုင်းတာပြီး တိုင်းတာရရှိတဲ့ Report တွေကို East Asia Network Center of Acid Deposition(EANED) အဖွဲ့ကို ၆ လပတ်တစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် ပေးပို့ပါတယ်။ ဒီအချက်အလက်တွေကို ကမ္ဘာ့မိုးလေဝသအဖွဲ့ကနေ ပြန်ပြီး Report လုပ်ပါတယ်။ ပြီးတော့ ကမ္ဘာ့နိုင်ငံတွေအလိုက် လေအရည်အသွေး ဘယ်လောက်ရှိတယ်ဆိုတာကို ဖော်ပြပေးလေ့ရှိတယ်။ ဒီထဲမှာလည်း ကျွန်တော်တို့နိုင်ငံက များတဲ့အထဲ မပါပါဘူး။ အလယ်အလတ် အဆင့်လောက်ပဲ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အရင်ကတည်းက တိုင်းတာနေပေမယ့် မထုတ်ပြန်ဘူး။ ဒါပေမယ့် ပြည်သူတွေ သိရှိအောင်၊ စိုးရိမ်မှုမဖြစ်အောင် ဖေဖော်ဝါရီ ၆ ရက်ကစပြီး လေအရည်အသွေးကို အမှန်သိရှိအောင် ထုတ်ပြန်ပေးတာရှိပါတယ်။

အဓိကကတော့ လေအရည်အသွေးတိုင်းတဲ့အခါ နှစ်မျိုးရှိပါတယ်။ အချိန်ပိုင်း တိုင်းတာမျိုးလည်း ရှိတယ်။ အသွားအလာများတဲ့ အချိန်ပိုင်းတစ်ခုကိုပဲ တိုင်းတာပြီး ယူလို့မရပါဘူး။ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းအရ လေအရည်အသွေး တိုင်းမယ်ဆိုရင် ၂၄ နာရီ တိုင်းရတာဖြစ်ပါတယ်။ ၂၄ နာရီ၊ လအလိုက်၊ နှစ်အလိုက် သွားရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူတွေ လေအရည်အသွေးနဲ့ ပတ်သက်ပြီး စိုးရိမ်မှုဖြစ်နေမှာစိုးတဲ့အတွက် တိုင်းတာရရှိတဲ့ အချက်အလက်ကို ဖေဖော်ဝါရီ ၆ ရက်က စပြီး ထုတ်ပြန်ခဲ့တယ်။ ဒီရရှိတဲ့အချက်အလက်အရလည်း ၅၀ နဲ့ ၁၀၀ ကြားမှာ ရှိတဲ့အတွက် ကျန်းမာရေးကို ထိခိုက်နိုင်တဲ့ အနေအထား မရှိပါဘူး။ တကယ်လို့ ၁၀၀ ကျော်သွားရင်တော့ အသက်ကြီးတဲ့သူတွေ၊ ကလေးငယ်တွေ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့သူတွေအတွက် အန္တရာယ်ရှိပါတယ်။

**မေး။ ။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရန်ကုန်မှာ လေအရည်အသွေး တိုင်းတာမှုအခြေအနေကို သိရှိပါရစေ။**

ဖြေ။ ။ မြို့နယ်အလိုက် တိုင်းတာတာမျိုးတော့ မရှိသေးပါဘူး။ ကျွန်တော်တို့ ဌာနအနေနဲ့ ကမ္ဘာအေး မိုးလေဝသစခန်းမှာ လေအရည်အသွေး တိုင်းတာရေးစက်ကို တပ်ဆင်ပြီး ရန်ကုန်မြို့အတွက် တိုင်းတာတာဖြစ်ပါတယ်။ ဒီလိုမျိုး လေအရည်အသွေး စက်တွေကို မြို့နယ်တိုင်း တပ်ဆင်နိုင်ရင်တော့ ပိုပြီး အချက်အလက်ရမယ်။ ပိုကောင်းပါတယ်။ အခုက ကီလိုမီတာ ၅၀ အတွင်း လေအရည်အသွေးကို တိုင်းတာနိုင်တဲ့အတွက် ရန်ကုန်မြို့တစ်ခုလုံးကို ခြုံပြီး တိုင်းတာနိုင်ပါတယ်။

လေအရည်အသွေး တိုင်းတာမှုနဲ့ ပတ်သက်ပြီး ထပ်တိုးမယ့် အစီအစဉ်တွေလည်းရှိပါတယ်။ နောက်ဘဏ္ဍာနှစ်မှာ ရွေ့လျားအရည်အသွေးတိုင်းတာစက်တွေနဲ့ တိုင်းတာနိုင်အောင် ဆောင်ရွက်နေတာရှိပါတယ်။ မန္တလေးမှာဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက တိုင်းတာတာရှိပါတယ်။ ဂျပန်က လှူတာပါ။ စလှူတုန်းက ကျွန်တော်တို့ ဌာနကိုလှူတာပါ။ အခု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရှိလာတော့ သူတို့နဲ့ပိုပြီး သက်ဆိုင်တဲ့အတွက် သူတို့ကို လွှဲပေးလိုက်တာပါ။ ဒါပေမယ့် သူတို့ တိုင်းတာရရှိတဲ့ အချက်အလက်တွေကို ကျွန်တော်တို့ဆီကို ပေးပို့ပေးပါတယ်။ နောက်နှစ်မှာဆို နေပြည်တော်မှာ တပ်ဆင်ဖို့လည်း ရှိပါတယ်။ ဘဏ္ဍာနှစ်တိုင်း ဒီလိုပဲ တိုးချဲ့ပြီး ဆောင်ရွက်သွားမှာပါ။

**မေး။ ။ တချို့ လေအရည်အသွေး တိုင်းတာရာမှာ တိုင်းတဲ့နေရာမတူရင် air pollution မတူနိုင်ဘူး။ မြို့နယ်တိုင်း တိုင်းသင့်သလားဆိုပြီး ပြောကြတာမျိုးလည်း ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း သိရှိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ ဌာနအနေနဲ့ လေအရည်အသွေး နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပြည်သူတွေကို သိရှိအောင် ဖြေကြားပေးထားဖို့ ဝန်ထမ်းတွေကို ပြောထားပါတယ်။ ဖြေဆိုပေးဖို့လည်း ပြောထားပါတယ်။ ကျွန်တော်တို့ဌာနရဲ့ ဖေ့စ်ဘွတ်၊ဝက်ဘ်ဆိုက်ကနေလည်း ဖြေကြားပေးပါတယ်။ မြို့နယ်တိုင်းမှာ လေအရည်အသွေး တိုင်းတာသင့်သလားဆိုရင်တော့ တိုင်းတာသင့်ပါတယ်။ အရင်တုန်းကဆို မိုင် ၅၀ ပတ်လည်မှာ မိုးလေဝသစခန်း တစ်ခုရှိရင် လုံလောက်တယ်။ ဒါပေမယ့် အခု နောက်ပိုင်းမှာ ရာသီဥတု ပြောင်းလဲလာတယ်။ မိုးလေဝသတိုင်းတာမှုအတွက် ဖွံ့ဖြိုးပြီး နိုင်ငံတွေဆို ၃ ကီလိုမီတာ၊ ၅ ကီလိုမီတာအတွင်း တပ်လာတာမျိုးတွေရှိလာတယ်။ ထုတ်လွှင့်တဲ့ ပမာဏကလည်း အချိန်တစ်ခုနဲ့ တစ်ခု မတူနိုင်ဘူး။ ရုံးတက်ရုံးဆင်းများတဲ့ အချိန်ဆို လေအရည်အသွေးဟာ ကျနေနိုင်တယ်။

အခုနောက်ပိုင်းမှာ ကားတွေ၊ အဲကွန်းတွေ ဒီလိုတွေကနေ ကာဗွန်ထုတ်လွှင့်မှုများလာတယ်။ ဒီလို အသုံးပြုမှုတွေ များလာတဲ့အတွက် မြို့နယ်အလိုက်လည်း လေအရည်အသွေးက မတူနိုင်ဘူး။ ဒါကြောင့် မြို့နယ်တိုင်းမှာ တပ်သင့်ပါတယ်။

ဒါပေမယ့် အချိန်ပိုင်းတစ်ခုတိုင်းပြီး ကျန်းမာရေး ထိခိုက်စေတယ်ဆိုတာမျိုးကလည်း မဖြစ်နိုင်ပါဘူး။ ဗန်ကောက်တို့၊ ပေကျင်းတို့က လေအရည်အသွေးက ၂၄ နာရီတိုင်းတာတဲ့အခါ ၁၅၀ ကျော်နေတဲ့ အနေအထားဖြစ်ပါတယ်။ တချို့ရက်ဆို သူတို့ဆီမှာ ၃၀၀ ကျော်တာမျိုးလည်းရှိပါတယ်။

လေထုအရည်အသွေး ကျဆင်းတာမျိုးရှိရင် ကာဗွန်ထုတ်လုပ်မှုများပြီး ရာသီဥတု ပြောင်းလဲမှုလည်း ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာ ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ဖို့ ၂၀၃၀ ပြည့်နှစ် သတ်မှတ်ချက်ထားပြီး ဆောင်ရွက်နေတာလည်း ရှိပါတယ်။ အခု ကညနမှာဆို ကားက မီးခိုးထွက် မထွက်ကအစ စိစစ်လာတယ်။ ကျွန်တော် ပြောချင်တာက လေအရည်အသွေးအပိုင်းနဲ့ ပတ်သက်ပြီး အစိုးရပိုင်းမှာပါ အလေးထားပြီး လုပ်ဆောင်နေပါတယ်။ ဒီအတွက် ပဲရစ်သဘောတူညီချက်မှာလည်း ပါဝင်လက်မှတ်ရေးထိုးထားတာရှိပါတယ်။ ဒီလို လျှော့ချနိုင်ဖို့အတွက် ပြည်သူတွေအနေနဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုဖို့ လည်း လိုပါတယ်။ လူတစ်ဦးချင်းစီရဲ့ လိုက်နာဆောင်ရွက်မှုကလည်း အရေးကြီးပါတယ်။ စွမ်းအင်နဲ့ ပတ်သက်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တွေကို အသုံးချဖို့လည်း အရေးကြီးပါတယ်။

**မေး။ ။ နယ်စပ်ဒေသတွေမှာလည်း လေထုညစ်ညမ်းမှု ဖြစ်ပွားတာမျိုး ရှိပါတယ်။ ဒီဒေသတွေမှာရော လုပ်ဆောင်နေတာတွေ ရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ လေအရည်အသွေးတိုင်းတာရာမှာ နယ်စပ်ဒေသတွေအတွက် လုပ်ဆောင်တာတော့ မရှိသေးဘူး။ ဒီဒေသတွေမှာ အက်စ်စ်မိုးရွာသွန်းမှုနဲ့ ပတ်သက်ပြီး monitoring လုပ်နေတာတော့ ရှိတယ်။ နယ်စပ်တစ်လျှောက်မှာ လေအရည်အသွေး တိုင်းတာမှုကို အဓိကတာဝန်ယူတာ၊ အာဆီယံမှာပါ တာဝန်ယူတာက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကပါ။ သူတို့ကတော့ ဒါတွေနဲ့ ပတ်သက်ပြီး စပြီးအကောင်အထည်ဖော်နေပါပြီ။ နယ်စပ်ဒေသမှာ မီးခိုးမြူထူထပ်တာနဲ့ ပတ်သက်ပြီး မနှစ်က ထိုင်းက ကျွန်တော်တို့ကို ပြောတယ်။ ကျွန်တော်တို့ကလည်း ထိုင်းကို ပြောတာရှိတယ်။ နှစ်ဖက်ပြောကြပေမယ့် နှစ်နိုင်ငံလုံးမှာ တောင်ယာစိုက်ပျိုးဖို့အတွက် မီးရှို့တာရှိတယ်။ တောမီးလောင်တာရှိတယ်။ ဒီလိုမျိုးတွေကြောင့် ဂြိုဟ်တုကနေကြည့်တဲ့အခါ မီးခိုးမြူထူထပ်တာတွေ့ရတယ်။ တာချီလိတ်မှာဆို ရေဖျန်းပေးရတာမျိုးရှိခဲ့တယ်။

**မေး။ ။ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ဖို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှာ ဆောင်ရွက်နေတာတွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ လက်ရှိမှာတော့ JICA နဲ့ ဆောင်ရွက်ပြီးတဲ့ ပရောဂျက်ရှိပါတယ်။ JICA ကနေ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစက်တွေ၊ ရေဒါတွေ၊ ဂြိုဟ်တု တိမ်မိုးဖမ်းစက်တွေ ဒီလိုမျိုးတွေ ပေးအပ်တာလည်း ရှိပါတယ်။ ကိုရီးယား မိုးလေဝသအေဂျင်စီကနေလည်း အလိုအလျောက် မိုးလေဝသ တိုင်းတာရေးစက်တွေ ပေးအပ်တာလည်း ရှိတယ်။ နိုင်ငံတော်အပိုင်းကလည်း Immediate Response Fund နဲ့ အလို အလျောက် မိုးလေဝသတိုင်းတာရေးစက်တွေ တိုးချဲ့တပ်ဆင်ပြီး အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်နေပါတယ်။

အရင်တုန်းကဆို မိုးလေဝသသတင်းကို တစ်နေ့ကို တစ်ကြိမ် ထုတ်ပြန်ပေးတာ ဖြစ်ပါတယ်။ အခုဆိုရင်တော့ တစ်နေ့ငါးကြိမ် ထုတ်ပြန်ပေးပါတယ်။ မနက် ၇ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၄နာရီနဲ့ ည ၇ နာရီဆိုပြီး ငါးကြိမ် ထုတ်ပြန်ပေးပါတယ်။ ရာသီဥတု ထူးခြားမှုရှိရင်လည်း ထူးခြားမှုရှိသလို ထုတ်ပြန်တာလည်း ရှိပါတယ်။ တကယ်လို့ ရာသီဥတု ထူးခြားမှုမရှိရင် မနက်ကနေ ညအထိ တစ်ပုံစံတည်း ဖြစ်နေတဲ့အတွက် တချို့ပြည်သူတွေက မေးကြတာရှိပါတယ်။

ဒီအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ ဘာကြောင့် တူညီနေတဲ့အကြောင်းကို သေချာရှင်းပြပေးပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ပြည်သူလူထုက မိုးလေဝသနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုရှိတာကို ဝမ်းသာပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မဖြစ်ခင်အထိ မိုးလေဝသကို စိတ်ဝင်စားမှု နည်းပါတယ်။ တီဗွီမှာ မိုးလေဝသ ကြေညာချက်လာရင်တောင် တခြားလိုင်း ပြောင်းကြည့်ကြတာမျိုး ရှိပါတယ်။ အခုတော့ ပြည်သူတွေအနေနဲ့ မိုးလေဝသနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုရှိလာတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆို မနက် အိပ်ရာထတာနဲ့ မိုးလေဝသ သတင်းကိုကြည့်ပြီး ရာသီဥတုနဲ့ လိုက်လျောညီထွေရှိအောင် ဝတ်စားသွားလာတာမျိုးရှိပါတယ်။

အရင်က မိုးလေဝသနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှု မရှိတဲ့အတွက် တခြားအိမ်နီးချင်း နိုင်ငံတွေနဲ့ ယှဉ်ရင်တော့ နောက်ကျကျန်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၈ ခုနှစ် နောက်ပိုင်းမှာ ပြည်ပအကူအညီတွေ ရလာသလို အစိုးရပိုင်းကလည်း ပံ့ပိုးဆောင်ရွက်မှု များလာတယ်။ တဖြည်းဖြည်း တိုးတက်မှုတော့ ရှိလာပါတယ်။

**မေး။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ အဓိကတော့ ရာသီဥတု အပြောင်းအလဲက တစ်ကမ္ဘာလုံးမှာ ဖြစ်နေပြီ။ ဒီလို ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေရှိဖို့ကလည်း အရေးကြီးပါတယ်။ ရာသီဥတုပြောင်းလဲမှုအတွက် တစ်ဖက်ကလည်း ပြုပြင်ထိန်းသိမ်းတာတွေကို ဆောင်ရွက်ရမှာပါ။ ရာသီဥတုနဲ့ လိုက်လျောညီထွေမှုရှိအောင် ဥပမာ စိုက်ပျိုးရေးက အစ၊ အရင်က ဒေသအလိုက် စိုက်တဲ့စပါးမျိုးထက် ရာသီဥတုဒဏ်ခံ စပါးမျိုးကို ပြောင်းစိုက်တာမျိုး၊ တခြားရာသီဥတုနဲ့ သင့်လျော်တဲ့ စိုက်ပျိုးတာမျိုးကို ပြောင်းလဲရမှာပါ။ ဒီလိုမျိုး အသိပညာတွေလည်း ကျယ်ပြန့်စေချင်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ အသိပညာတွေရှိဖို့ လိုအပ်ပါတယ်။ အဓိကကတော့ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေရှိအောင် ပြုမူနေထိုင်တတ်ဖို့ကလည်း အရေးကြီးတယ်ဆိုတာကို သတင်းပေးချင်ပါတယ်။

**မေးမြန်း - ရှင်မင်း**
**ဓာတ်ပုံ - ဟိန်းမင်းစိုး**

- **လေအရည်အသွေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပြည်သူတွေကို သိရှိအောင် ဖြေကြားပေးထားဖို့ ဝန်ထမ်းတွေကို ပြောထားပါတယ်။ ဖြေဆိုပေးဖို့လည်း ပြောထားပါတယ်။ ကျွန်တော်တို့ဌာနရဲ့ ဖေ့စ်ဘွတ်၊ ဝက်ဘ်ဆိုက်ကနေလည်း ဖြေကြားပေးပါတယ်။ မြို့နယ်တိုင်းမှာ လေအရည်အသွေး တိုင်းတာသင့်သလား ဆိုရင်တော့ တိုင်းတာသင့်ပါတယ်။**
- **ကားတွေ၊ အဲကွန်းတွေ ဒီလိုတွေကနေ ကာဗွန်ထုတ်လွှင့်မှုများလာတယ်။ ဒီလို အသုံးပြုမှုတွေများလာတဲ့ အတွက် မြို့နယ်အလိုက်လည်း လေအရည်အသွေးက မတူနိုင်ဘူး။ ဒါကြောင့် မြို့နယ်တိုင်းမှာ တပ်သင့် ပါတယ်။**

# ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို ဌာနချုပ်) ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို ဌာနချုပ်) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏စိတ်နေသဘောထားကို ကလေးငယ်များ အတုယူနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောပြသည့် ဗိုလ်ချုပ်အောင်ဆန်း အစီအစဉ် ဗီဒီယိုမှတ်တမ်းကို ပြသပြီး ကျောင်းသား ကျောင်းသူလေးများက အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုးဝင်းဦး (Dr.Bio) က ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုကဗျာရွတ်ဆို**

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အမှတ်တရ အကြောင်းအရာများကို ကလေးငယ်များသိရှိစေရန် ဥာဏ်စမ်းမေးမြန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသည့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို ကျင်းပပြီး တာဝန်ရှိသူများက ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ရဲရင့်မှု၊ သစ္စာရှိမှု စသည့် စိတ်နေသဘောထားများကို ကလေးငယ်များ အတုယူနိုင်စေရန်နှင့် ကလေးငယ်များ ပျော်ရွှင်မှုရှိစေရန် ရည်ရွယ်ကာ အဆိုပါ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စတုဒိသာအလှူများပြုလုပ်**

အလားတူ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျောက်တံတားမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "ကလေးများနေ့ အခမ်းအနား"ကို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့်အပြင် ရပ်ကွက်များအတွင်း၌လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာအလှူများ ပြုလုပ်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**

# Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၇/၂၀၂၀) ကျင်းပ

## ကျန်းမာရေးအသိပညာပေးရာတွင် အင်တာနက် အသုံးပြုမှုနည်းပါးသော ကျေးလက်တောရွာများအထိ ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**Coronavirus Disease 2019 (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၇/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)



**ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ဆက်လက်ဆောင်ရွက်ရန်လိုအပ်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားရာတွင် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် လိုအပ်သော Isolation (သီးသန့်ခွဲခြားထားရှိခြင်း) နှင့် Quarantine (အသွားအလာတားမြစ်ပိတ်ပင်ခြင်း/ ကန့်သတ်ခြင်း) ကို လုပ်ဆောင်ရာတွင် ပြည်သူများက ပူးပေါင်းဆောင်ရွက်လာစေရန် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအား အသက်ဝင်အောင် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီး နည်းဥပဒေပြဋ္ဌာန်းရန် လိုအပ်ကြောင်း၊ ယခုလက်ရှိ ဆေးရုံတက်ရောက် ကုသလျက်ရှိသော သံသယလူနာနှင့် စောင့်ကြည့်လူနာများအတွက် ဆေးရုံဆင်းရာတွင် ကိုက်ညီရမည့်အချက်များ သတ်မှတ်ခြင်း၊ မှာကြားခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြည်သူလူထုအတွင်း လူတန်းစားအမျိုးမျိုးအထိ ကျန်းမာရေးအသိပညာပေးရောက်ရှိနိုင်ရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ လူစုလူဝေးများသော နေရာများတွင် ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ UNICEF အဖွဲ့၏ အကူအညီဖြင့် သတင်းအချက်အလက်များကို ကချင်၊ ရှမ်း၊ "ဝ" ၊ ကိုးကန့် တိုင်းရင်းသားဘာသာများဖြင့် ကျန်းမာရေးအသိပညာပေးနိုင်ရန် အမြန်ဆုံးစီစဉ်စေလိုကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့်မှ (Epidemiology Perspective) ဖြင့် သုံးသပ်ချက်များအပေါ် အသေးစိတ်လေ့လာထားရန် လိုအပ်ကြောင်း။

လူနာအခြေအနေ ခွဲခြားသတ်မှတ်ခြင်း Triage of patient COVID–2019 နှင့် ပတ်သက်သည့် စံလုပ်ထုံးလုပ်နည်းများအား တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဆေးရုံတိုင်းတွင် အလွယ်တကူ အသုံးပြုနိုင်စေရန် အသိပေးဆွေးနွေးပွဲများ ပြုလုပ်စေလိုကြောင်း၊ အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း (Quarantine) တွင် ပါဝင်သူများအတွက် လုပ်ငန်းခွင်ခွင့်သတ်မှတ်ခြင်းအပါအဝင် လိုအပ်သည့်ထောက်ပံ့မှုများ ရရှိစေရေး စီစဉ်ထားရန် လိုအပ်ကြောင်း၊ Emergency Operation Centre (EOC) Hot Line Service ကို ၂၄ နာရီ ပိတ်ရက်မရှိ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်နေပြီး ကုသရေးဦးစီးဌာန၏ EOC Network နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ အကြောင်းကြားထားရမည်ဖြစ်ကြောင်း။

ကျန်းမာရေး ဝန်ထမ်းများအတွက် လိုအပ်သည့် Personal Protective Equipment (PPE) အပါအဝင် ဆေးနှင့်ဆေးပစ္စည်း များအား ဆေးရုံများသို့ ဖြန့်ဝေနိုင်မှုအခြေအနေ၊ လက်ကျန်အခြေအနေ၊ (Resource mapping) နှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ (Development Partners) များနှင့် ချိတ်ဆက်ဆောင်ရွက်ထားမှု အခြေအနေကို နေ့စဉ်သုံးသပ်တင်ပြရန် လိုအပ်ကြောင်း၊ ပြည်သူလူထုအား Corona–virus Disease 2019 (COVID–19) နှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးရာတွင် အင်တာနက် အသုံးပြုမှုနည်းပါးသော ကျေးလက်တောရွာများအထိ ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်မှုအခြေအနေများနှင့် UNICEF၊ MRCS စသည့် အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**သံသယလူနာ/စောင့်ကြည့်လူနာ မတွေ့ရ**

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံများတွင် တက်ရောက်နေသော စောင့်ကြည့်လူနာများ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေး ဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှု အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ် သုံးခုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုမှ မြို့နယ် ၂၀ ရှိ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် ၂၇ ခုတွင် အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုသည့်အခြေအနေနှင့် သံသယလူနာ/ စောင့်ကြည့်လူနာ မတွေ့ရှိခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည် (ယနေ့နံနက်ပိုင်း စစ်ဆေးချက်များအရ) ကောင်းမွန်လျက်ရှိမှု၊ ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့သည့် တရုတ်သုတေသနရေယာဉ် XIANG YANG HONG 06 တွင် ပါဝင်သည့်သူများအား ကျန်းမာရေး စစ်ဆေးမှုများ အထူးကြပ်မတ်ဆောင်ရွက်ခဲ့ရာတွင် ဖျားနာလူနာများ မတွေ့ရှိမှု စသောအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ဆေးရုံအုပ်ကြီးများ၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

**သတင်းစဉ်**

***◆ကျောဖုံးမှ***

ယခုအခါ အကြမ်းထည်အား အချောကိုင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စာလုံးထွင်းပြီးမှ နောက်ဆုံးအဆင့် အချောကိုင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ လက်ရှိတွင် ပထမအကြီးဆုံးခေါင်းလောင်းကြီးသည် ကြေးပိဿာချိန် ၅၅၅၅၅ ရှိသော မင်းကွန်းခေါင်းလောင်းကြီးဖြစ်ပြီး ဒုတိယအကြီးဆုံး ခေါင်းလောင်းမှာ ရွှေတိဂုံစေတီတော်က ကြေးပိဿာချိန် ၂၆၀၀၀ ရှိသည့် သာယာဝတီမင်း ခေါင်းလောင်းဖြစ်သည်။ ယင်းခေါင်းလောင်းကြီးသည် မြန်မာနိုင်ငံ၌ တတိယအကြီးဆုံးဖြစ်လာမည်ဖြစ်ပြီး ခေါင်းလောင်းကြီးမှာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရွှေခေါင်းလောင်းကြေးသွန်းပညာရှင် ကိုအောင်သန်းမော်ထံက သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ပြည်သူ့ပန်းခြံ၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် ဖွင့်လှစ်သည်။

အခမ်းအနားတွင် တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရှစ်စက္ကန့်ငြိမ်သက်၍ အလေးပြုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဂါရဝပြုခဲ့ကြသည်။

ပြည်သူ့ပန်းခြံ အတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် နိုင်ငံကျော် ကာတွန်းဆရာကြီးများ၏ ကာတွန်း လက်ရာပြခန်းများ၊ ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ပြခန်းများ ပြသထားပြီးရေသနံ့၊ ပဲပြုတ်၊ နံပြား စသည့် စတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ ထို့အတူ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ စာပေဟောပြောပွဲများ၊ ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲ၊ စင်တင် တေးဂီတ၊ ခေတ်သစ်ကြေးမုံ အငြိမ့် စသည့်သီဆို ဖျော်ဖြေ တင်ဆက်မှုများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
ဓာတ်ပုံ - ထိန်လင်း



## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ လူ ၁၀၀၀ ကျော် လာရောက်လေ့လာ

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း (၁၀၅) နှစ်မြောက် မွေးနေ့ကို ယနေ့ နံနက်က နတ်မောက်မြို့ အောင်ဆန်း ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် လာရောက် ကြည့်ရှုသူ များပြားလျက်ရှိသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ရပ်နီးရပ်ဝေးရှိ ဧည့်သည်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀၀ ကျော် လေ့လာကြည့်ရှုခဲ့ကြပြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဥမ္မာခင်နှင့် ဝန်ထမ်းများ က ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်သို့ လာရောက်ကြည့်ရှုသူများ ကို ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ သည်။

**လှဝင်း(နတ်မောက်)**

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

## မြို့နယ်များ၌ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

### မင်းတပ်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရန်အတွက် ကြိုးပမ်းခဲ့ပုံများကို ဟောပြောသည်။ ထို့နောက် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံမှ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပပြီး ဆုရကျောင်းသား ကျောင်းသူများအားဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြခန်းအတွင်းရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်း ဓာတ်ပုံများနှင့် မိန့်ခွန်းများ၊ ကလေးကဗျာ၊ ရိုးရာပုံပြင်စာအုပ်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခွန်ရှိန်း (ခရိုင်ပြန်/ဆက်)**

### ကလိန်အောင်

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ယနေ့ နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့မှ ကျောင်းသား ကျောင်းသူများက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများအား ယှဉ်ပြိုင်ပြောကြားကြပြီး ဆုရရှိသူများအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်နှင့် တာဝန်ရှိသူများကဆုများပေးအပ်ခဲ့ကြသည်။ **ကလိန်အောင် (ပြန်/ဆက်)**

### နမ့်ဆန်

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ယနေ့နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အလက (၁) ထခွဲကျောင်း၊ အမက (၆)၊ အမက (၄)၊ အမက(၃)၊ အမက(၁)နှင့် အမက(၅) ကျောင်းတို့မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို မြို့နယ် အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုချီးမြှင့်ကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် မြို့နယ် ပြန်/ဆက်ရုံးမှ ခင်းကျင်းပြသထားသည့် ပလောင် (တအာင်း) တိုင်းရင်းသား ရိုးရာပစ္စည်းများ၊ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များတို့ကို ကြည့်ရှုခဲ့ကြပြီး COSC ဘော်ဒါဆောင် အငြိမ်းစား ဆရာမကြီး ဒေါ်မြမြခင်က ပဲပြုတ်နှင့် နံပြားကျွေးမွေးခဲ့ကြောင်းသိရသည်။

**အောင်မိုး (ပြန်/ဆက်)**

### တန့်ယန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။ ရှေးဦးစွာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ကျင်းပကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်နှင့် တာဝန်ရှိသူများက ဆုရ ကျောင်းသားကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မင်းလွင်ဦး (ပြန်/ဆက်)**

### ပိုင်ကျုံ

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ပြည်သူ့စာကြည့်တိုက်၌ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံ့အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကို ပြောကြားခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အကြိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများက နံရံကပ်ဓာတ်ပုံနှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုသည်။ **နော်ခူး (ပြန်/ဆက်)**

### မန္တလေး

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလလူမှုကူညီရေးအသင်း၊ ရပ်မိရပ်ဖများနှင့် ဗိုလ်ချုပ် အောင်ဆန်းကို လေးစားချစ်မြတ်နိုးသူများ ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက် ၆ နာရီက ၂၇ လမ်း ၇၆ လမ်းနှင့် ၇၇ လမ်းကြားရှိ အလှူမဏ္ဍပ်တွင် သံဃာတော်အပါး ၁၅၀ အား ဆွမ်းနှင့်စာရေးတံမဲများ၊ နဝကမ္မဝတ္ထုငွေများ၊ ဗိုလ်ချုပ်ပုံပါ ငွေစက္ကူများ လောင်းလှူကြသည်။

အလှူမဏ္ဍပ်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံများထားရှိပြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများနှင့် ဘဝပုံရိပ်များ ပြသထားကြောင်းသိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

### သီပေါ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း (၁၀၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ၊ စာအုပ်စာစောင်များပြပွဲနှင့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ပြန်/ဆက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်/ဆက် ဦးစီးမှူးက ဗိုလ်ချုပ် အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်များ၊ မျိုးချစ်စိတ်ဓာတ်ရှိပုံများနှင့် ပြည်သူများ လေးစားအတုယူဖွယ်စံနမူနာကောင်းများကို ရှင်းလင်း ဟောပြောပြီး တက်ရောက်လာသူများက ပြခန်းများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**

### လွိုင်ကော်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်ပြည့် မွေးနေအထိမ်းအမှတ် ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် လွိုင်ကော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်အကြောင်းနှင့် ဗိုလ်ချုပ်၏ စိတ်ဓာတ်အကြောင်းကို ဟောပြောပြီး ဗိုလ်ချုပ်၏ လှုပ်ရှားဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုအားပြသသည်။

ထို့နောက် ဂိမ်းကစားခြင်း၊ ဗိုလ်ချုပ်ပုံတူပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

### ပေါင်

ပေါင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိလူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ဗိုလ်ချုပ်ပုံတူပန်းချီရေးဆွဲပြိုင်ပွဲနှင့် ဟောပြောပွဲများ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူးက ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်တို့ကို ဟောပြောသည်။

ဆက်လက်၍ အ.မ.က-ကဒါမူလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဗိုလ်ချုပ်ပုံတူပန်းချီရေးဆွဲပြိုင်ပွဲနှင့် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကိုဟိန်း (ပေါင်)**

# အပျော်စီးသင်္ဘောပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ဆက်လက်မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၁၃**

တိုကျိုမြို့အနီးတွင် ကျောက်ချထားသည့် အပျော်စီး သင်္ဘောပေါ်တွင်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ် ၃၉ ဦးတိုးလာသဖြင့် ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်းမှာ ၁၇၄ ဦးထိ မြင့်တက်သွားခဲ့ပြီဖြစ်သည်။ ၎င်းတို့ အထဲမှလေးဦးမှာ ရောဂါပြင်းထန်သည့်အခြေအနေတွင် ရှိနေသည်။

ထို့ပြင် သင်္ဘောပေါ်တွင် ရောဂါစစ်ဆေးရန်ရောက်ရှိ နေသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးမှာ လည်း ရောဂါကူးစက်ခံထားရသည်။ Diamond Princess ဟု အမည်ပေးထားသည့် အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည်နှင့် သင်္ဘောဝန်ထမ်း ၃၆၀၀ လိုက်ပါလာပြီး ရောဂါကူးစက်မည်စိုးသဖြင့် အဆိုပါ သင်္ဘောကို သီးခြားခွဲ ထားသည်။

နောက်ထပ်ကူးစက်ခံရသူများတွင် ဆယ်ကျော် သက်အရွယ် မိန်းကလေးတစ်ဦးနှင့် ဂျပန်နိုင်ငံသား ၁၀ ဦးပါဝင်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျန်းမာရေး ဝန်ကြီး ခက်ဆူနိုဘူကာတိုက ပြောသည်။

ရောဂါကူးစက်ခံထားရသည့်ကျန်းမာရေးဝန်ထမ်းမှာ လည်း ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် သင်္ဘောပေါ် ရှိနေခဲ့သည်။ ၎င်းသည် အပူချိန်တိုင်းတာခြင်းနှင့် မေးမြန်းခြင်းတို့ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ၎င်း၌ ရောဂါကူးစက်ခံ ထားရကြောင်း သိရသည်။ စိုးရိမ်ရသည့်အခြေအနေရှိသော လူလေးဦးမှာ အသက် ၆၀ မှ ၇၀ ကြား ဝန်းကျင်များ ဖြစ်ပြီး နှစ်ဦးကို အရေးပေါ်ကုသရေးဌာနသို့ ပို့ထား ရသည်။

၎င်းတို့ထဲမှသုံးဦးမှာ ဂျပန်နိုင်ငံသားများဖြစ်ကြသည်။ ထောင်ပေါင်းများစွာသော ခရီးသည်များမှာ သင်္ဘောပေါ်ရှိ ၎င်းတို့ အခန်းများအတွင်းသာ နေထိုင်ရသည်။

ခရီးသည်များသည် သင်္ဘောမောင်းနှင်နေစဉ်အတွင်း သင်္ဘောလက်ရန်းများကိုင်ကာ သွားရသည့်အတွက် သင်္ဘောလက်ရန်းမှတစ်ဆင့် လျင်မြန်စွာ ကူးစက်ရသည့် အကြောင်းရင်းဖြစ်ခဲ့ကြောင်း ကူးစက်ရောဂါကျွမ်းကျင် သူ ပါမောက္ခ မစ်ဆူအိုကာကူ က ပြောသည်။

**အန်အိတ်ချ်ကေ**



အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များကို တွေ့ရစဉ်။

# လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ကမ္ဘောဒီးယားကို ဥရောပက ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၃**

ကမ္ဘောဒီးယားတွင် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ကမ္ဘောဒီးယားအပေါ် အခွန်စည်းကြပ်မှု ဦးစားပေးမှုများကို တစ်စိတ် တစ်ပိုင်းအားဖြင့် လျှော့ချသွားမည်ဟု ဥရောပသမဂ္ဂက ပြောသည်။

ကမ္ဘောဒီးယားမှ ဥရောပသမဂ္ဂသို့ နှစ်စဉ်ကုန်တင်ပို့မှု တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ထိခိုက်ခံစားရမည်ဟုဥရောပ ကော်မရှင်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိ ကုန်သွယ်ရေးစနစ်အရ လက်နက်ကုန်သွယ်မှုမှလွဲပြီး လက်ရှိတွင် ကမ္ဘောဒီးယားမှ ဥရောပသမဂ္ဂသို့ တင်ပို့ကုန် အားလုံးမှာ အခွန် ကင်းလွတ်ခွင့် ရရှိထားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်၏အစိုးရအဖွဲ့သည် ကမ္ဘောဒီးယား အတိုက်အခံပါတီများကို ဖိနှိပ်ဖြိုခွင်းမှုများပြုလုပ်သောကြောင့် ကုန်သွယ်ရေးပိတ်ဆို့မှုပြုလုပ်ရန် ဥရောပသမဂ္ဂက စဉ်းစားခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လမှ စတင်ကာ ယင်းပိတ်ဆို့မှုပြစ်ဒဏ်သည် စတင်မည်ဖြစ်ပြီး ကမ္ဘောဒီးယားအာဏာပိုင်များ လူ့အခွင့်အရေးချိုးဖောက်မှုကို အဆုံးသတ်စေရန်ရည်ရွယ်၍ ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်နာ ဖီးဟိုဂန်က ပြောသည်။

ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို စိတ်မကောင်းဖြစ်ရကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏အခြေအနေများအပေါ် နားလည်မှုလွဲမှားခြင်းကြောင့်သာဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ပြောသည်။

၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားမှ ပို့ကုန် ၄၅ ရာခိုင်နှုန်းမှာ ဥရောပသမဂ္ဂသို့တင်ပို့ခြင်း ဖြစ်သည်။ ပိတ်ဆို့မှု ပြစ်ဒဏ်ကြောင့် ကမ္ဘောဒီးယား၏ အထည်ချုပ်လုပ်ငန်းကို ထိခိုက်စေနိုင်သည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘောဒီးယားအထည်ချုပ်လုပ်ငန်းတွင် လုပ်ကိုင်နေကြသူများကို တွေ့ရစဉ်။

## ကိုလံဘီယာ၌ လေယာဉ်ပျက်ကျမှုကြောင့် လေးဦးသေဆုံး

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၃**

ကိုလံဘီယာမြို့တော် ဘိုဂိုတာမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က အင်ဂျင်နှစ်လုံးတပ်လေယာဉ် တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အမျိုးသားလေကြောင်းပုံသန်းမှု အေဂျင်စီက ပြောသည်။

လေယာဉ်ပျံတက်ပြီး မကြာမီပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ လေယာဉ်ပျက်ကျရသည့်အကြောင်းကို ရှာဖွေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

## တူရကီတပ်ဖွဲ့ဝင်များ ပစ်မှတ်ထားခံရပါက ဆီးရီးယားတပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်မည်ဟု သမ္မတ အာဒိုဂန် ခြိမ်းခြောက်

**အန်ကာရာ ဖေဖော်ဝါရီ ၁၃**

ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် တူရကီတပ်ဖွဲ့ဝင်များပစ်မှတ်ထားတိုက်ခိုက်ခံရလျှင် ဆီးရီးယားတပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်မှုပြုသွားမည်ဟု တူရကီသမ္မတ အာဒိုဂန်က ပြောသည်။

တူရကီတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရပါက ဆီးရီးယားတပ်ဖွဲ့ဝင်များလည်း ပြန်လည်တိုက်ခိုက်ခံရမည်ဟု သမ္မတ အာဒိုဂန်ကသတိပေးခဲ့သည်။ တူရကီသည်လတ်တလောတွင် ဆီးရီးယားသို့တပ်ကူများ ပေးပို့ထားပြီး ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် အချင်းများမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တူရကီတပ်ဖွဲ့ဝင်များ နောက်ထပ်တိုက်ခိုက်ခံရပါက ဆီးရီးယားတပ်များကိုမြေပြင်ဝေဟင်တို့မှ တိုက်ခိုက်မှုပြုလုပ်သွားမည်ဟု သမ္မတက သတိပေးခဲ့သည်။ လွန်ခဲ့သည့်သီတင်းပတ်အတွင်း အီဒလစ်တွင် သီးခြားတိုက်ခိုက်မှုနှစ်ခုကြောင့် တူရကီတပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးခဲ့ရသည်။

အီဒလစ်ပြည်နယ်တွင် တိုက်ပွဲများအရှိန်လျှော့ကျရေးအတွက် တူရကီနိုင်ငံ အန်ကာရာမြို့တွင် ရုရှားနှင့်တူရကီဘက်မှ အရာရှိများ ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရန် တူရကီကိုယ်စားလှယ်များ ရုရှားနိုင်ငံသို့ သွားရောက်မည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလုကစ်ဆိုကလုက ပြောသည်။ **ဆင်ဟွာ**

# အစ္စရေး အခြေချနေထိုင်မှုတွင် ကုမ္ပဏီပေါင်း ၁၁၂ ခု ပါဝင်နေဟု ကုလသမဂ္ဂအတည်ပြု

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၃**

အစ္စရေးအခြေချနေထိုင်မှုတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီပေါင်း ၁၁၂ ခု၏ အမည်စာရင်းကို ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ အစ္စရေးအခြေချနေထိုင်မှုမှာ အပြည်ပြည်ဆိုင်ရာဥပဒေအရ တရားမဝင်ဟု သတ်မှတ်ထားခြင်းခံရပြီး ပါဝင်ဆက်စပ်မှုရှိသည့်ကုမ္ပဏီများမှာ Airbnb၊ Expedia နှင့် Trip Advisor ကုမ္ပဏီတို့ပါဝင်ကြသည်။

ယခုကဲ့သို့ ကုမ္ပဏီစာရင်း ထုတ်ဖော်ကြေညာမှုကို ပါလက်စတိုင်းတို့ဘက်မှ ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ပြီး အစ္စရေးဘက်ကမူ ရှုတ်ချခဲ့သည်။ အဆိုပါ စာရင်းပေါ်ထွက်လာသည့်အတွက် အစ္စရေးအခြေချနေထိုင်မှုနှင့် ဆက်စပ်မှုရှိသည့် ကုမ္ပဏီများကို သပိတ်မှောက်ခြင်းများ ပြုလုပ်လာမည်ကိုလည်း စိုးရိမ်နေကြသည်။

သိမ်းယူထားသည့် ပါလက်စတိုင်း နယ်မြေများတွင် အစ္စရေးတို့ဘက်မှ အခြေချနေထိုင်မှုနှင့် ဆက်စပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းအားလုံး၏ အချက်အလက်များကို၂၀၁၆ ခုနှစ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တောင်းဆိုခဲ့ပြီး ယင်းတောင်းဆိုမှုအတိုင်း ကုလသမဂ္ဂအစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါအစီရင်ခံစာ စာရင်းတွင် ပါဝင်လာသည့်ကုမ္ပဏီများမှာ အပြည်ပြည်ဆိုင်ရာမှ ကုမ္ပဏီကြီးများဖြစ်ပြီး Airbnb၊ Alstom ၊ Booking. comနှင့် Motorola Solutions တို့ ပါဝင်ကြသည်။ အစ္စရေးဘက်ကမူ ယခုကဲ့သို့ ကုမ္ပဏီစာရင်းထုတ်ဖော်ခဲ့မှုအတွက် ကုလသမဂ္ဂနှင့်အထူးသဖြင့် လူ့အခွင့်အရေးကောင်စီတို့ကို ဘက်လိုက်သည်ဟု စွပ်စွဲခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန် ယာဟုကလည်း လက်တုံ့ပြန်မည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။ အစ္စရေးကို သပိတ်မှောက်သူများအား အစ္စရေးဘက်ကလည်း ပြန်လည်တုံ့ပြန်သွားမည်ဟု ပြောကြားခဲ့သည်။ ယခုကဲ့သို့ စက်ဆုပ်ဖွယ်အပြုအမူကို လက်မခံကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အနောက်ဘက်ကမ်းရှိ အယ်အီဇာရီယာကျေးရွာကို တွေ့ရစဉ်။

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

ကလျာမိုးမြင့်

ကမ္ဘာအရပ်ရပ်က ထူးခြားသတင်းတွေကို တင်ဆက်ပေးရမယ့်အချိန် ရောက်ရှိလို့လာပြန်ပါပြီ။ ဒီကမ္ဘာကြီးမှာ ကျွန်ုပ်တို့ လက်လှမ်းမမီနိုင်တဲ့ အဆန်းတကြယ် ဖြစ်ရပ်တွေ များစွာရှိနေပါတယ်။ ဒီထဲကမှ ပညာရှင်တွေ လေ့လာသိရှိခဲ့ရတဲ့ ဖြစ်ရပ်ဆန်းတွေနဲ့ သိမှတ်ဖွယ်ရာ သတင်းတွေကို ကြားမြင်သုတပြည့်ဝစေရန် အလို့ငှာ ဖော်ပြပေးလိုက်ရပါတယ်။

**ကမ္ဘာမြေပေါ်က အင်းဆက်ပိုးမွှား မျိုးစိတ်ပေါင်း ငါးသိန်းကျော် မျိုးသုဉ်းပျောက်ကွယ်လာနေ**

ကမ္ဘာမြေပေါ်မှာရှိကြတဲ့ အင်းဆက်ပိုးမွှားတွေထဲက မျိုးစိတ်ပေါင်း ငါးသိန်းကျော်ဟာ မျိုးသုဉ်းပျောက်ကွယ်မှုကို ရင်ဆိုင်နေရပြီဖြစ်ပြီး အဲဒီအင်းဆက်တွေ ပျောက်ကွယ်မှုက သက်ရှိလူသားတွေအတွက် ကြီးမားတဲ့ကပ်ဘေးတစ်ခုလိုမျိုး ဖြစ်လာနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက လူသားမျိုးနွယ်တွေအတွက် သတိပေးချက်တစ်ခုအနေနဲ့ ဖော်ပြခဲ့ပါတယ်။

လက်ရှိကြုံတွေ့နေရတဲ့ အင်းဆက်မျိုးသုဉ်း ပျောက်ကွယ်မှုဟာ အလွန်စိုးရိမ်ဖွယ်ရာကောင်းလှတယ်လို့ သဘာဝသမိုင်းကြောင်းဆိုင်ရာ ဖင်းနစ်ရှ်ပြတိုက်က ဇီဝပညာရှင် ပီဒရိုကာဒိုဆိုက ယခုရက်ပိုင်းအတွင်း ပုံနှိပ်ဖော်ပြခဲ့တဲ့ လေ့လာသုံးသပ်ချက်တစ်ခုမှာ ဆိုထားပါတယ်။ ပျံသန်းနိုင်၊ တွားသွားနိုင်၊ တွင်းထဲအောင်းပြီး ရေပေါ်မှာခုန်ပေါက်သွားလာနိုင်တဲ့ ကြမ်းပိုးကဲ့သို့သော အင်းဆက်သတ္တဝါမျိုးတွေ ပျောက်ကွယ်သွားခြင်းဟာ အင်းဆက်မျိုးစိတ်တွေ အကြီးအကျယ် မျိုးသုဉ်းပျောက်ကွယ်ခြင်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ။


ဒါကပြီးခဲ့တဲ့ နှစ်သန်းပေါင်းများစွာအတွင်းမှာ ခြောက်ကြိမ်မြောက်ဖြစ်တယ်လို့ ၎င်းက ပြောပါတယ်။ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ မျိုးသုဉ်းပျောက်ကွယ်မှုဟာ လွန်ခဲ့သော နှစ်ပေါင်း ၆၆ သန်းအကြာက ဖြစ်ပြီး အာကာသထဲက ကျောက်စိုင်တစ်ခုက ကုန်းမြေပေါ်မှာ နေထိုင်တဲ့ ဒိုင်နိုဆောသတ္တဝါတွေနဲ့ တခြားသက်ရှိပုံစံ အများစုကို သုတ်သင်ဖယ်ရှားပစ်လိုက်တယ်လို့ ဆိုပါတယ်။



ယနေ့အခါမှာတော့ အင်းဆက်မျိုးစိတ်တွေ မျိုးသုဉ်းပျောက်ကွယ်လာတဲ့ အရေးမှာ ကျွန်ုပ်တို့လူသားတွေ အပြစ်မကင်းလှပါဘူး။ လူတို့ရဲ့အပြုအမူတွေက ဒီကိစ္စမှာ တာဝန်ရှိတယ်။ အထူးသဖြင့် ပိုးသတ်ဆေးတွေနဲ့ စက်ရုံတွေက ထွက်တဲ့မီးခိုးတွေ၊ ရှင်သန်နေထိုင်တဲ့ စားကျက်မြေတွေ လျော့နည်းလာမှုတွေက အဓိကအကြောင်းရင်းဖြစ်တယ်လို့ သိရပါတယ်။

အင်းဆက်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော်လောက်ဟာ လူတွေရဲ့ အစားအစာဖြစ်နေပြီး ရာသီဥတုပြောင်းလဲမှု အခြေအနေကလည်း မျိုးသုဉ်းခြင်းကို ပိုပြီးမြင့်တက်စေခဲ့တာ ဖြစ်ပါတယ်။ လိပ်ပြာတွေ၊ နကျယ်ကောင်တွေ၊ ပုရွက်ဆိတ်တွေ၊ ပျားတွေ၊ ပိတုန်းတွေ၊ ပုရစ်တွေနဲ့ ပုစဉ်းတွေရှားပါးလျော့နည်းလာခြင်းကလည်း လူတွေရဲ့အပြုအမူကနေဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေပါပဲ။ အင်းဆက်တွေ မျိုးသုဉ်းသွားရင်ကျွန်ုပ်တို့အနေနဲ့ မျိုးစိတ်တွေ ပြုန်းတီးခြင်းထက်ပိုတဲ့ ဆုံးရှုံးမှုတွေရင်ဆိုင်လာရနိုင်တယ်လို့ ကာဒိုဆိုက သတိပေးခဲ့ပါတယ်။

**ဦးနှောက်ထဲမှာ ဆယ်နှစ်ကြာရှိနေခဲ့တဲ့သန်ကောင်ကြောင့် ခေါင်းကိုက်ဝေဒနာခံစားခဲ့ရတဲ့ အမျိုးသား**



အမျိုးသား၏ ဦးနှောက်ထဲတွင် ရောက်ရှိနေသည့် သန်ကောင်၏ ပုံရိပ်ကို တွေ့ရစဉ်။

မက္ကဆီကိုမှာ ဂီရာဒိုအမည်ရှိတဲ့ အမျိုးသားတစ်ဦးဟာ အပြင်းအထန် ခေါင်းကိုက်တဲ့ဝေဒနာကြောင့် အော့အန်တဲ့အထိ ခံစားခဲ့ရပြီးတဲ့နောက်မှာတော့ ဆရာဝန်တွေက ၎င်းခေါင်းကိုက်ရတဲ့ အကြောင်းရင်းကို ရှာတွေ့ခဲ့ပါတယ်။ အကြောင်းကတော့ တုပ်ပြားကောင် (သန်ကောင်) တစ်ကောင်ဟာ ၎င်းရဲ့ ဦးနှောက်ထဲမှာ ဆယ်နှစ်လောက်ကြာအောင် ရှိနေခဲ့လို့ပါပဲ။

တက္ကဆက်ပြည်နယ်ရှိ ဆရာဝန်တွေက ဂီရာဒိုဟာ လွန်ခဲ့တဲ့ဆယ်နှစ်အကြာက သေချာကျက်အောင် ချက်ပြုတ်စီမံထားခြင်းမရှိတဲ့ ဝက်သားကို စားသုံးရာကနေ သန်ကောင်ပါလာခဲ့ပြီးသန်ကောင်ဟာ အဲဒီအချိန်ကစလို့ တဖြည်းဖြည်းကြီးထွားလာခဲ့တာဖြစ်နိုင်တယ်လို့ တွေးထင်ခဲ့ကြပါတယ်။

ဂီရာဒိုက ၎င်းဟာ ခေါင်းကိုက်ဝေဒနာကို ခံစားလာရတာ လပေါင်းများစွာကြာပြီး မနှစ်က ဘောလုံးကစားနေချိန်မှာ သတိလစ်မေ့မြော သွားပြီးတဲ့နောက် အမ်အာအိုင် စစ်ဆေးခြင်းလုပ်ဆောင်ခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။ ခေါင်းကိုက်တာဟာ ပြင်းထန်လွန်းလို့ အော့အန်တဲ့အထိဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဩစတင်ရှိ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ပါရဂူဒေါက်တာ ဂျော်ဒန်အမာဒီယိုက အခုလိုမျိုး ဦးနှောက်ထဲမှာဆယ်နှစ်ကြာအောင်သန်ကောင်တစ်ကောင်ရှိနေတဲ့ အဖြစ်မျိုးဟာ ထူးဆန်းတဲ့ ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ခုဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။



ကင်းမွန်ငါးတစ်ကောင်ကို တွေ့ရစဉ်။

**ညနေစာအပေါ်မူတည်ပြီး နေ့လယ်စာကို ရွေးချယ်တတ်တဲ့ ကင်းမွန်ငါး**

စားသောက်ဖွယ်စာရင်း (မီနူး) အပေါ်မူတည်ပြီး ပိုကောင်းတဲ့ညနေစာ အချိုပွဲစားဖို့အတွက် နေ့ခင်းမှာအစာနည်းနည်း လျှော့စားလိုက်တာမျိုးကို လူတွေလုပ်ဆောင်ကြလေ့ရှိပါတယ်။ အလားတူစွာပဲ ကင်းမွန်ငါးတွေဟာလည်း လူတွေလိုပဲ ၎င်းတို့ရဲ့အစားအစာကို ဦးစားပေးရွေးချယ်ကြတယ်လို့ ကျွမ်းကျင်သူ ပညာရှင်တွေက ဆိုပါတယ်။

ဘယ်လိုရွေးချယ်ပုံမျိုးလဲဆိုတာ စိတ်ဝင်စားစရာပါ။ ကင်းမွန်ငါးတွေက ပုစွန်ဆိတ်တွေကိုစားရတာကို နှစ်သက်ပြီး တကယ်လို့ ညနေမှာ ပုစွန်တွေ စားရဖို့ရှိတယ်ဆိုရင် နေ့ခင်းအချိန်မှာပိုပြီးသေးငယ်တဲ့ ကဏန်းတွေကိုသာ ရွေးပြီးစားတယ်လို့ သိရပါတယ်။ ဘာဖြစ်လာမယ်ဆိုတဲ့ မှန်းဆချက် အပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချတာဟာ ကင်းမွန်ငါးတွေရဲ့ ရှုပ်ထွေးနက်နဲတဲ့ သိမြင်နိုင်မှုစွမ်းရည်ဖြစ်တယ်လို့ လေ့လာသူ ပညာရှင်တွေက ထောက်ပြခဲ့ပါတယ်။

ဥရောပနိုင်ငံတွေမှာ တွေ့မြင်ရတဲ့ ကင်းမွန် ၂၉ မျိုးကို ပုစွန်ဆိတ်နဲ့ ကဏန်းမှာဘယ်ဟာကို ပိုပြီးဦးစားပေးတယ်ဆိုတာကို လေ့လာစမ်းသပ်ကြည့်ခဲ့ပါတယ်။ လေ့လာသူတွေက ကင်းမွန်ငါးတွေကို ညနေခင်းအချိန်တိုင်း တခြားအစာမကျွေးခင် ပုစွန်ဆိတ်တွေကျွေးပြီး စမ်းသပ်ခဲ့ပါတယ်။

ညနေခင်းတိုင်း ပုစွန်ဆိတ်တစ်ကောင်စားရတဲ့အခါ ကင်းမွန်ဟာ နေ့ခင်းမှာအစာပိုရွေးလာပြီး ကဏန်းလေးတွေကို အနည်းငယ်သာ စားသုံးလာပါတယ်။ ဒါပေမယ့် ညနေခင်းမှာ ပုစွန်ဆိတ်မဟုတ်ဘဲ တခြားအစာပြောင်းကျွေးတဲ့အခါမှာတော့ ကင်းမွန်တွေဟာ နေ့ဘက်မှာ ကဏန်းတွေကိုပိုပြီး များများစားတာကို တွေ့ရှိရပါတယ်။ ကင်းမွန်တွေက လူတွေလိုမျိုး သိမြင်နိုင်စွမ်းနဲ့ အစာရွေးချယ်တတ်ကြောင်း ဆန်းကြယ်တဲ့ အလေ့အထ တစ်ခုအဖြစ် လေ့လာသိရှိခဲ့ရပါတယ်။



ရေဒီယိုအချက်ပြမှုကို ဖမ်းယူနိုင်ခဲ့သည့် ကနေဒါတယ်လီစကုပ်။

**၁၆ ရက်တိုင်းမှာ တစ်ကြိမ်ဆန်းကြယ်စွာ ပေါ်ထွက်လာတဲ့ ရေဒီယိုအချက်ပြမှု**

နဂါးငွေ့တန်းအပြင်ဘက်ကနေ ရေဒီယိုလှိုင်းတွေကို ထုတ်လွှတ်နေတဲ့ ဖြစ်စဉ်တစ်ခုကို ပန်တစ်တန်အနီးရှိ ရေဒီယိုတယ်လီစကုပ်တစ်ခုက ဖမ်းယူသိရှိခဲ့ရပြီး ဒီဖြစ်စဉ်ဟာသမိုင်းမှာဒုတိယအကြိမ်ဖြစ်ပေါ်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

အာကာသဆီကနေ ဆန်းကြယ်တဲ့ရေဒီယိုအချက်ပြမှုကို ကနေဒါ သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပြီး ဒီအချက်ပြမှုဟာ ၁၆ ရက်တိုင်းမှာ တစ်ကြိမ် ပုံမှန်လိုလို မကြာခဏထပ်ဖြစ်ပေါ်ဟန်ရှိတယ်လို့ ဒီကိစ္စကို အထူးပြု လေ့လာနေကြတဲ့ နက္ခတ်ပညာရှင်တွေရဲ့ သုတေသနစာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။

အာကာသဆီကထွက်ပေါ်လာတဲ့ အဲဒီရေဒီယိုအချက်ပြမှုဟာ တူညီတဲ့ အချိန်တစ်ခုနဲ့တစ်ခုကြားမှာ မကြာခဏဆိုသလို ပေါ်ထွက်လာသလို ဒီအရာကို တူညီတဲ့အချိန်တိုင်းမှာ ယန္တရားတစ်ခုခုက အပြင်ဘက်ဆီပို့လွှတ်နေဟန် ရှိတယ်လို့လည်း သိရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တွေ့ရှိချက်တွေကိုတော့ ကျွမ်းကျင်သူတွေက ဆန်းစစ်အဖြေရှာရခြင်း မရှိသေးပါဘူး။

ကိုးကား – Global news / CNN

## နိုင်ငံတကာသတင်းတိုထွာ

### ဟူသီသူပုန်များ ထိန်းချုပ်ရာဒေသသို့ ကုလသမဂ္ဂမှ အကူအညီပေးမှု လျှော့ချသွားမည်

**ဆာနား ဖေဖော်ဝါရီ ၁၃**

ယီမင်နိုင်ငံမြောက်ပိုင်းဒေသများသို့ ကုလသမဂ္ဂမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်မှုကို လာမည့်လမှစတင်ကာ လျှော့ချသွားမည်ဟု သိရသည်။

ဟူသီသူပုန်အုပ်စုက ကန့်သတ်မှုများတိုးမြှင့်လိုက်သည့်အတွက် အကူအညီပေးမှုကို လျှော့ချလိုက်ရခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်တွင် ကုလသမဂ္ဂမှအရာရှိတစ်ဦးက ပြောသည်။ ဟူသီများ ထိန်းချုပ်ထားရာ ဒေသရှိ အကူအညီပေးရေး လုပ်သားများအပေါ် ခြိမ်းခြောက်မှု၊ ကြောက်ရွံ့အောင်ပြုလုပ်မှု၊ ကန့်သတ်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်ဟု ကုလအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ပြည်သူများထံ အစားအသောက်များနှင့် ဆေးဝါးများ ပေးနိုင်ရေးဒေသအတွင်းသို့ ဝင်ခွင့်ရရေးလည်း အချိန်အကြာကြီးစောင့်ဆိုင်းရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ဆီးရီးယားနိုင်ငံ အီဒလစ်မြို့၌ အရပ်သားများ တိုက်ခိုက်ခံရမှု ရုရှားငြင်းဆို

**မော်စကို ဖေဖော်ဝါရီ ၁၃**

ဆီးရီးယားနိုင်ငံအီဒလစ်မြို့တွင် အရပ်သားများအား တိုက်ခိုက်သည်ဟူသည့် စွပ်စွဲချက်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆိုခဲ့သည်။ ရုရှားနိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများ၊ အီဒလစ်ပြည်နယ် စစ်မဲ့ဇုန်ရှိ တိုက်ပွဲဖြစ်နေသည့်အဖွဲ့များ ပြန်လည်သင့်မြတ်ရေးရုရှားစင်တာတို့သည် ဆိုချီသဘောတူညီချက်ကို အခြေခံကာ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီဒလစ်ပြည်နယ်စစ်မဲ့ဇုန်တွင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ရခြင်းမှာစစ်သွေးကြွများကို ခွဲခြားထားရန် တူရကီနိုင်ငံ၏ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စစ်မဲ့ဇုန်အတွင်း အကြမ်းဖက်အုပ်စုများ၏ ရန်စမှုကြောင့် အရပ်သားများထိခိုက်ခံစားခဲ့ရခြင်းဖြစ်ကြောင်း၊ ဆီးရီးယားတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်သည့်အခါ ၎င်းတို့က လူသားဒိုင်းများကို အသုံးပြုခဲ့ကြကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# (၁၀၅)နှစ်ပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်ပွဲ မုံရွာ၌ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး(၁၀၅)နှစ်ပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ပွဲတော်ကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ကန်သာယာရွှေလိမ္မော်ကျွန်း၌ ကျင်းပသည်။

ပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးသန်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမျိုးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ပွဲတော်တွင် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်အမှတ်တရ ပစ္စည်းအရောင်းဆိုင်များနှင့် ပွဲတော်လာကလေးများအတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပပေးနေသော ဗိုလ်ချုပ်ပုံတူဆက် ကစားနည်းများ၊ စကားပုံဆက် ကစားနည်းများ၊ ခွက်နင်းကစားနည်းများ၊ ပူဖောင်းဖောက်ကစားနည်းများ၊ ခါးလှည့်ကွင်းကစားနည်းများတွင် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကလေးများသည် ကျွန်တော်တို့ တိုင်းပြည်တည်ဆောက်ရေး၏ အဖိုးတန်ရတနာများဖြစ်ပြီး ကလေးများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ကလေးသူငယ် အခွင့်အရေးများကို အပြည့်အဝ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၊ ဌာနဆိုင်ရာ၊ မိသားစုများနှင့် ပြည်သူလူထုတို့က တက်တက်ကြွကြွ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကလေးများနေ့အကြို ပုံပြင်၊ ကဗျာနှင့် သီချင်းပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၏ သီဆိုဖျော်ဖြေတင်ဆက်ကပြမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အဆိုပါပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကလေးသူငယ်များအား ထူးချွန်ဆုများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မုံရွာမြို့ ကန်သာယာ ကျောက်တိုင်ကျွန်းတွင် ကျင်းပသော ဗိုလ်ချုပ်မွေးနေ့ လှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကိုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုနှင့် ဗိုလ်ချုပ်ပန်းခြံဖွင့်ပွဲ ကျောင်းကုန်းတွင် ကျင်းပ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၃**

ကျောင်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရန်ကုန်-ပုသိမ်ကားလမ်းမဘေး မြို့အဝင်၌ တည်ဆောက် ပြီးစီးသည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် ဗိုလ်ချုပ်ပန်းခြံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင် ကျော်ခိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။ (ဓာတ်ပုံ)

တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းဝင်းထွန်းက တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု တည်ဆောက်ရေးအတွက် အလှူရှင်များ ကိုယ်စား ရန်ကုန်ရောက် ကျောင်းကုန်းသားများအသင်းမှ ဦးတင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုသည် အမြင့် ၉ ပေ ၄ လက်မရှိပြီး ကြေးပိဿာ ၄၀၀ ခန့်ရှိကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်၊ ပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၁၃**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်၊ ပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား၌ ဝန်ကြီးဌာနအလိုက် ပြခန်းများ ခင်းကျင်းပြသခဲ့ရာတွင် ဆုရရှိခဲ့သော ဌာနများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဘရူးနိုင်းနိုင်ငံ၌ ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၀ တွင် ပေးအပ်ချီးမြှင့်သည့် 2nd ASEAN Clean Tourist City Standard Award ဆုကို ထားဝယ်မြို့မှ ရရှိခဲ့သဖြင့် တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဦးဟိုပင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီက လက်ခံယူပြီး 2nd ASEAN Sustainable Tourism Award ( Urban Destina-tion) ဆုကို မြိတ်မြို့မှ ရရှိခဲ့ပြီး တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းက လက်ခံယူသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင် သာယာရေးဝန်ကြီးက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သော ထောက်ပံ့ငွေကို ပေးအပ်ရာ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက လက်ခံယူသည်။ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုနေ့အခမ်းအနား၌ ဘင်ခရာ တီးမှုတ်သော ကျောင်းသား ကျောင်းသူများနှင့် ပါဝင်ဆောင်ရွက်ပေးသော တိုင်းရင်းသား တိုင်းရင်းသူအဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များကို ကြည့်ရှုကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၀၅)နှစ်ပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေး၌ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

(၁၀၅)နှစ်ပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မနော်ရမ္မံလူထုကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ကို မြန်မာနိုင်ငံကလေးများနေ့ဟု သတ်မှတ်ရခြင်းမှာ မြန်မာနိုင်ငံအနာဂတ်တွင် အရေးပါသော ကလေးသူငယ်များအား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံ၏သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်က ပြည်သူလူထုအပေါ် တာဝန်ယူမှုနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုသော အခန်းကဏ္ဍတွင် လူ့အဖွဲ့အစည်း၌ ထိခိုက်လွယ်သော ကလေးသူငယ်များအပေါ် မည်မျှတာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ပေးကြရန် ကာကွယ်စောင့်ရှောက်ပေးခြင်းများ တိုင်းတာရမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများက ကလေးသူငယ်များ အရေးကိစ္စများတွင် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးငယ်များ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးကို ထည့်သွင်းဆောင်ရွက်ပေးကြရန်နှင့် ကလေးငယ်များနှင့် ပတ်သက်သော အရေးကိစ္စများသည် လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ အနာဂတ်နှင့် သက်ဆိုင်သော လူမှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်းများမှ ကလေးငယ်များ၊ အ.မ.က (၇)မှ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိကမူကြိုကျောင်းများမှ ကလေးငယ်များက တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေပြီး လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၊ ကလေးပြုစုရေးဌာန၊ နားမကြားသော ကလေးများ ကျောင်းများမှ ကလေးငယ်များနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ကလေးငယ်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**တင်ဇာလှိုင် (ပြန်/ဆက်)**





တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် တာဝန်ရှိသူများ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့အထိမ်းအမှတ် အခမ်းအနား၌ ကလေးငယ်များ၏ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# မြစ်သားမြို့နယ် ဘိုးတော်ကန်ပြန်လည်တူးဖော်ပေးလျက်ရှိ



ဘိုးတော်ကန်အား စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေစဉ်။

**မြစ်သား ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဟင်းလျာကန်ကျေးရွာ ဘိုးတော်ကန်ကို နိုင်ငံတော်က ပြန်လည်တူးဖော်လျက်ရှိသည်။

အဆိုပါ ဘိုးတော်ကန်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေမှ ကျခံ၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒီဇင်ဘာ ၁၆ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၁ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ ကန်ပေါင် အလျား ပေ ၁၀၀၀၊ ကန်ပေါင်ထိပ်ပြင်အကျယ် ၁၆ ပေ၊ ကန်ပေါင်အမြင့် ၁၀ ပေနှင့် ရေပိုလွှဲတစ်ခု၊ ရေပေးပြွန် သုံးခုကို ပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကာ ရေလှောင်ပမာဏမှာ ဧက ပေ ၁၁၀ ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရေ ဧက ၄၀ ကျော်၊ သောက်သုံးရေ ရေဂါလန် သန်း ၃၀ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟင်းလျာကန်ကျေးရွာသည် မြစ်သားမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့် အကွာ၌ တည်ရှိပြီး အိမ်ခြေ ၁၂၅ အိမ်၊ လူဦးရေ ၅၁၈ ဦးခန့်နေထိုင်ကာ မိုးကောင်းသောက်ဇရိယာတွင်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကန်ကိုပြုပြင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်၍ နုန်းများမြင့်တက်လာကာ ရေသိုလှောင်သည့်ပမာဏ လျော့နည်းလာသည့်အတွက် လယ် ၂၅ ဧကခန့်သာ စိုက်ပျိုးနိုင်သည့်အပြင် နွေရာသီတွင် တိရစ္ဆာန်သောက်သုံးရေများ အခက်အခဲတွေ့ကြုံနေရကြောင်း၊ ပြီးခဲ့သည့်နှစ်က တောင်သူများက သက်ဆိုင်ရာသို့ တင်ပြခဲ့၍ ယခုလိုကန်ကြီးကို ပြန်လည်တူးဖော်ပေးခြင်းဖြစ်ကြောင်း ဟင်းလျာကန်ကျေးရွာနေ ဦးမြင့်နိုင်က ပြောသည်။

ဘိုးတော်ကန် ပြန်လည်တူးဖော်ပြုပြင်ပေးခြင်းကြောင့် မိုးစပါး အပြည့်အဝစိုက်ပျိုးနိုင်မည့်အပြင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ကို မျှော်တွေးကာ ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုင်းရင်းသားများစုပေါင်းညီညွတ်မှု ပဒေသာကပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ နှင့် စိမ်းလန်းစိုပြည် ဂါးဒင်း အဖွဲ့သားများပူးပေါင်းကာ ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းညီညွတ်မှု ပဒေသာကပွဲသဘင်ကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည် ဥယျာဉ်အတွင်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ယင်းပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်အခြေစိုက်သံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသည့် ပြည်တွင်း ပြည်ပ ဧည့်သည်တော်များ တက်ရောက်ကြပြီး စိမ်းလန်းစိုပြည် ဂါးဒင်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးနေလင်းနှင့်အတူ တိုင်းရင်းသားများစုပေါင်းကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကချင်၊ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာပဒေသာအကများဖြင့် အလှည့်ကျဖျော်ဖြေ တင်ဆက်ကြကာ ဥယျာဉ်အတွင်း တည်ခင်းထားသော တိုင်းရင်းသားများ၏ ဓလေ့ရိုးရာ ဝတ်စားဆင်ယင်မှုဆိုင်ခန်းများ၊ စားသောက်ဖွယ်ရာဆိုင်ခန်းများကို ကြည့်ရှုခဲ့ကြသည်။



တိုင်းရင်းသားများ စုပေါင်းညီညွတ်မှု ပဒေသာကပွဲ ကျင်းပစဉ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားများ စုပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၁၀ နာရီ မှ ည ၉ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဓာတ်ပုံ-မျိုးကြီး

# ချစ်ကြည်ရင်းနှီးရန်နှင့် ကုန်သွယ်ရေးတိုးမြှင့်ရန်အတွက် အီတလီအစားအသောက်ပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရန်နှင့် ကုန်သွယ်ရေးတိုးမြှင့်ရန်အတွက် ဒုတိယအကြိမ် အီတလီအစားအသောက်ပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းရှိ အီတလီသံရုံးမြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်တွင် ကလေးငယ်များအတွက်အထူးအစီအစဉ်များနှင့် တေးဂီတဖျော်ဖြေမည်ဖြစ်ပြီး ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်မှုအစီအစဉ်ကိုလည်း ကျင်းပမည်ဖြစ်ရာ ပွဲတော်မှရရှိသောအကျိုးအမြတ်ကို ကလေးငယ်တို့၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင် လှူဒါန်းမည်ဖြစ်သည်။

ပွဲတော်တွင် အီတလီနိုင်ငံမှ ကျော်ကြားသောဝိုင်များအကြောင်း၊ လတ်ဆတ်သော mozzarella နှင့် လက်တွေ့ ချိစ်ပြုလုပ်ခြင်းနှင့် အီတလီနိုင်ငံထုတ်ကုန်များဖြင့် မိတ်ဆက်မည်ဖြစ်သည်။ ထို့အပြင် အီတလီအစားအစာများကို စျေးနှုန်းသက်သာစွာဖြင့် မိတ်ဆက်ပေးမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ထားကြောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီမှည ၉ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၃-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၇၅ | ကျပ် | ၈၅၅/၈၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၈၅ | ကျပ် | ၈၄၅/၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၈၀ | ကျပ် | ၇၉၀/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၀ | ကျပ် | ၈၉၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၀ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၅ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၀ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၁ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၆ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၃၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၅၉၈ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၄၁၉၃ | ၄၈၁၀၀၅၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၉၂၉၆ | ၃၆၇၈၀၃၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၆၇၁ | ၁၅၁၂၀၅၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၂ | ၅၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## 2019-20 EPL WEEK-26

# ချယ်လ်ဆီးနဲ့ လမ်းပတ်အတွက်စိတ်မကျေပွဲ

ဝေမိုးဆက်

**ဒီတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် ၂၆ ရဲ့ကျန်နေသေးတဲ့ ခြောက်ပွဲကိုယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒီခြောက်ပွဲမှာတော့ လီဗာပူး၊ စပါး၊ အာဆင်နယ်တို့လိုအသင်းကြီးတွေရဲ့ ပွဲတွေပါဝင်နေတဲ့အပြင် ချယ်လ်ဆီးနဲ့မန်ယူတို့ ဆုံတွေ့နေ တာကြောင့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက်စိတ်ဝင်တစားစောင့်ကြည့်သွားရဖို့ရှိနေပါတယ်။**

### Molineux Stadium

**ဝုဖ် - လက်စတာ**

ပထမအကျော့ရလဒ် - လက်စတာ ၀-၀ ဝုဖ်

အခုနောက်ပိုင်းမှာ ဝုဖ်ရဲ့ခြေစွမ်းပိုင်းက ပြန်လည်ကောင်းမွန်နေတယ်။ မန်ယူကိုသရေကစားနိုင်ခဲ့သလို လီဗာပူးကိုလည်း အိမ်ကွင်းမှာ အကောင်းဆုံးခံကစားနိုင်ခဲ့တယ်။ လက်စတာကတော့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မဆိုးပေမယ့် ခံစစ်ပိုင်းမှာ အားနည်းမှုအနည်းငယ်ရှိလာတာတွေ့ရတယ်။ အိမ်ကွင်းကစားပုံမာတဲ့ဝုဖ်ကြောင့် လက်စတာရှန်းကန်ရနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲရမယ်။

### Carrow Road

**နော့ဝှစ်ချ် - လီဗာပူး**

ပထမအကျော့ရလဒ် - လီဗာပူး ၄-၁ နော့ဝှစ်ချ်

ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားဖို့ရှိနေတဲ့ လီဗာပူးအနေနဲ့ ဂိုးပြတ်နိုင်ပွဲတစ်ပွဲရယူဖို့ထက် နိုင်ပွဲရယုံသာ ထိန်းကစားနိုင်တာကို သတိပြုရမယ်။ နော့ဝှစ်ချ်ကလည်း အခုနောက်ပိုင်းမှာ အမှတ်ပေးဇယားအောက်ခြေကိုရောက်နေတာကြောင့် အမှတ်ရဖို့ အားစိုက်ကစားနေချိန်ဖြစ်တယ်။ အမှတ်ပြတ်နေတဲ့ လီဗာပူးခြေကုန်မထုတ်နိုင်တာကြောင့် ဂိုးပြတ်နိုင်ဖို့ ခက်ခဲလိမ့်မယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၇ |
| အဂွဲရိုး | မန်စီးတီး | ၁၆ |
| အူဘာမီယန် | အာဆင်နယ် | ၁၄ |
| ဒန်နီအင့်စ် | ဆောက်သမ်တန် | ၁၄ |

### Emirates Stadium

**အာဆင်နယ် - ကာဆယ်**

ပထမအကျော့ရလဒ် - ကာဆယ် ၀-၁ အာဆင်နယ်

ဘန်လေနဲ့သရေကျခဲ့တာကြောင့် ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အာဆင်နယ်တို့ အားစိုက်လာမှာသေချာတယ်။ အာဆင်နယ်ခြေက မတည်ငြိမ်ပေမယ့် ကာဆယ်ခြေကလည်း အခုအချိန်မှာ တည်ငြိမ်မှုအားနည်းနေတယ်။ အထူးသဖြင့် ကာဆယ်တိုက်စစ်က ဂိုးသွင်းခြေမတည်ငြိမ်တာကြောင့် ဒီပွဲမှာအာဆင်နယ် နိုင်ပွဲရသွားနိုင်တယ်။

### St. Mary's Stadium

**ဆောက်သမ်တန် - ဘန်လေ**

ပထမအကျော့ရလဒ် - ဘန်လေ ၃-၀ ဆောက်သမ်တန်

ဆောက်သမ်တန်က အိမ်ကွင်းအားနဲ့ နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေတာကိုသတိပြုရမယ်။ ဒါပေမယ့် ဘန်လေကလည်း လက်ရှိအချိန်မှာ တစ်ပွဲနဲ့တစ်ပွဲခြေမတည်ငြိမ်ဘူး။ မန်ယူကို အနိုင်ကစားနိုင်ခဲ့ပေမယ့် အာဆင်နယ်ကို သရေကစားနိုင်ခဲ့ပြီး နော့ဝှစ်ချ်ကို အရေးနိမ့်ခဲ့ရတယ်။ ဆောက်သမ်တန်တို့ အနိမ့်ဆုံးသရေလောက် ကစားနိုင်ဖို့ရှိပါတယ်။

### Villa Park

**ဗီလာ - စပါး**

ပထမအကျော့ရလဒ် - စပါး ၃-၁ ဗီလာ

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် မျှော်လင့်ချက်ရှိလာတဲ့စပါးအနေနဲ့ ဒီပွဲမှာလည်း နိုင်ပွဲရအောင် အားစိုက်မှာဖြစ်ပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကို သတိပြုရမှာပါ။ စပါးခြေကလည်း တည်ငြိမ်မှုရှိနေတယ်လို့ မဆိုနိုင်ပါဘူး။ ဗီလာကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တာကြောင့် စပါးအခက်တွေ့နိုင်ပါတယ်။ စပါးနိုင်ခဲ့မယ်ဆိုရင် တောင်ဂိုးပြတ်ဖို့ခက်တယ်။

### Stamford Bridge

**ချယ်လ်ဆီး - မန်ယူ**

ပထမအကျော့ရလဒ် - မန်ယူ ၄-၀ ချယ်လ်ဆီး

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါတဲ့ပွဲ ဖြစ်တယ်။ မန်ယူအနေနဲ့ ဒီပွဲရှုံးရင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အတော်လေးခက်ခဲသွားနိုင်တာကြောင့် အားစိုက်ကစားမှာပါ။ ဒါပေမယ့် မန်ယူတိုက်စစ်က ရက်ရှ်ဖို့ဒ်မရှိသလို အီဂါလိုကလည်း ကစားခွင့်မရသေးလို့ အားနည်းနေတယ်။ အိမ်ကွင်းအားနဲ့ တိုက်စစ်ဖွင့်ကစားလာမယ့် ချယ်လ်ဆီးကိုနှစ်သက်တယ်။

### ပရီမီယာလိဂ်ပွဲစဉ်(၂၆)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၄-၂-၂၀)** | | | |
| နံနက် ၂း၃၀ | ဝုဖ် | - | လက်စတာ |
| **စနေနေ့ (၁၅-၂-၂၀)** | | | |
| ည ၇း၀၀ | ဆောက်သမ်တန် | - | ဘန်လေ |
| နံနက် ၀၀း၀၀ | နော့ဝှစ်ချ် | - | လီဗာပူး |
| **တနင်္ဂနွေနေ့ (၁၆-၂-၂၀)** | | | |
| ည ၈း၃၀ | ဗီလာ | - | စပါး |
| ည ၁၁း၀၀ | အာဆင်နယ် | - | ကာဆယ် |
| **တနင်္လာနေ့ (၁၇-၂-၂၀)** | | | |
| နံနက် ၂း၃၀ | ချယ်လ်ဆီး | - | မန်ယူ |

### လာလီဂါပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၄-၂-၂၀)** | | | |
| နံနက် ၂း၃၀ | ဗလင်စီယာ | - | အက်သလက် |
| **စနေနေ့ (၁၅-၂-၂၀)** | | | |
| ည ၆း၃၀ | မာယော့ကာ | - | အလာဗက်စ် |
| ည ၉း၃၀ | ဘာစီလိုနာ | - | ဂီတာဖေး |
| နံနက် ၀၀း၀၀ | ဗီလာရီးရဲ | - | လီဗန်တေး |
| နံနက် ၂း၃၀ | ဂရန်နာဒါ | - | ဗယ်လာဒိုလစ် |
| **တနင်္ဂနွေနေ့ (၁၆-၂-၂၀)** | | | |
| ည ၅း၃၀ | ဆီဗီလာ | - | အက်စ်ပန်ညို |
| ည ၇း၃၀ | လီဂါနက်စ် | - | ဘက်တစ် |
| ည ၉း၃၀ | အီဘာ | - | ဆိုစီဒက်စ် |
| နံနက် ၀၀း၀၀ | ဘီဘာအို | - | အိုဆာဆူနာ |
| နံနက် ၂း၃၀ | ရီးရဲ | - | ဆယ်တာဗီဂို |

### စီးရီးအေပွဲစဉ် (၂၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၅-၂-၂၀)** | | | |
| ည ၈း၃၀ | လေချီ | - | SPAL |
| ည ၁၁း၃၀ | ဘိုလော့ဂ်နာ | - | ဂျီနိုအာ |
| နံနက် ၂း၁၅ | အတ္တလန္တာ | - | ရိုးမား |
| **တနင်္ဂနွေနေ့ (၁၆-၂-၂၀)** | | | |
| ည ၆း၀၀ | အူဒီးနိစ် | - | ဗီရိုနာ |
| ည ၈း၃၀ | ဂျူဗင်တပ်စ် | - | ဘရက်ရှား |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား | - | ဖီအိုရင်တီးနား |
| ည ၈း၃၀ | ဆက်ဆူအိုလို | - | ပါးမား |
| ည ၁၁း၃၀ | ကယ်ဂလီယာရီ | - | နာပိုလီ |
| နံနက် ၂း၁၅ | လာဇီယို | - | အင်တာ |
| **တနင်္လာနေ့ (၁၇-၂-၂၀)** | | | |
| နံနက် ၂း၁၅ | မီလန် | - | တိုရီနို |

### ပြင်သစ်ပထမတန်းပွဲစဉ်(၂၅)


| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၄-၂-၂၀)** | | | |
| နံနက် ၂း၁၅ | မိုနာကို | - | မောင့်ပယ်လီယာ |
| **စနေနေ့ (၁၅-၂-၂၀)** | | | |
| ည ၁၁း၀၀ | အာမီယန် | - | ပီအက်စ်ဂျီ |
| နံနက် ၁း၃၀ | ဘော်ဒိုး | - | ဒီဂျွန် |
| နံနက် ၁း၃၀ | နန့်စ် | - | မက်ဇ် |
| နံနက် ၁း၃၀ | တူးလောက်စ် | - | နိုက်စ် |
| နံနက် ၁း၃၀ | နီမက်စ် | - | အန်ဂျာစ် |
| **တနင်္ဂနွေနေ့ (၁၆-၂-၂၀)** | | | |
| ည ၈း၃၀ | လိုင်ယွန် | - | စထရက်ဘော့ချ် |
| ည ၁၀း၃၀ | ဘရက်စ် | - | စိန့်အက်တီယန် |
| ည ၁၀း၃၀ | ရိမ်းစ် | - | ရိန်းနက်စ် |
| နံနက် ၂း၃၀ | လိုင်လီ | - | မာဆေး |


### ဘွန်ဒက်လီဂါပွဲစဉ် (၂၂)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၄-၂-၂၀)** | | | |
| နံနက် ၂း၀၀ | ဒေါ့မွန် | - | ဖရန့်ဖွတ် |
| **စနေနေ့ (၁၅-၂-၂၀)** | | | |
| ည ၉း၀၀ | လိုက်ပဇစ် | - | ဘရီမင် |
| ည ၉း၀၀ | ဟော့ဖန်ဟိမ်း | - | ဝုဖ်ဘတ် |

# လီဗာပူးသို့ ပြန်လာရန်မရှိဟု ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညို ဖွင့်ဟ

ထက်အောင်






ဘရာဇီးကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုက ၎င်းသည် အသင်းဟောင်း လီဗာပူးသို့ ပြန်လည်ပြောင်းရွှေ့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကော်တင်ညိုသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် လီဗာပူးအသင်း မှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၄၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၂၀၁၉ ခုနှစ် နွေရာသီအတွင်းတွင် ဘာစီလိုနာမှ ဘိုင်ယန်မြူးနစ် အသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။ ကော်တင်ညိုသည် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရမှုများကြောင့် ဘာစီလိုနာအသင်းတာဝန်ရှိသူများက လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ကော်တင်ညိုအား ရောင်းချသွားရန် ဆန္ဒရှိနေပြီး ဘိုင်ယန်မြူးနစ် အသင်းအနေဖြင့် အပြီးသတ် ခေါ်ယူရန် ဆန္ဒမရှိခြင်းကြောင့် ကော်တင်ညို၏ အနာဂတ်မှာ မရေမရာဖြစ်နေရသည်။ ကော်တင်ညိုသည် လာမည့် နွေရာသီအတွင်းတွင် ဘာစီလိုနာနှင့် လမ်းခွဲရန်အတွက် အသင်းတာဝန်ရှိသူများနှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်ဟု ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။

အင်တာဗျူးအစီအစဉ်တစ်ခုတွင် ကော်တင်ညိုက "ကျွန်တော်က နောက်ကို ပြန်လှည့်ကြည့်နေမှာ မဟုတ်ပါဘူး။ အခုဆိုရင် ကျွန်တော်ဟာ အခြားလမ်းခရီးတစ်ခုကို လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ကျွန်တော့်အိပ်မက်တွေ ပြည့်ဝလာဖို့ အပြည့်အဝ အာရုံစိုက်ထားတယ်။ အရင်တုန်းက စွမ်းဆောင်နိုင်ခဲ့မှုတွေအတွက် ပျော်ရွှင်မိပါတယ်။ လက်ရှိအချိန်မှာတော့ ရှေ့ကိုပဲ လှမ်းမျှော်ကြည့်နေတယ်"ဟု ပြောဆိုခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ် ချန်ပီယံဆုဖလား ရရှိရန် နီးစပ်မှုရှိနေသည့် အခြေအနေနှင့်ပတ်သက်၍ ကော်တင်ညိုက "လီဗာပူးအသင်းရဲ့ စွမ်းဆောင်နိုင်မှုတွေအပေါ် ကျွန်တော် အံ့အားသင့်ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ဘောလုံးရာသီတုန်းမှာ လီဗာပူးအသင်းက ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့ခြင်းဟာ ကျွန်တော့်အတွက် အံ့အားသင့်စရာ မဟုတ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ လီဗာပူးအသင်းမှာ တကယ့်ကို ကောင်းမွန်တဲ့ ကစားသမားစုဖွဲ့မှုနဲ့ မန်နေဂျာတို့ရှိနေတာကြောင့်ပါ။ လီဗာပူးအသင်းအတွက် ကျွန်တော် ဝမ်းသာမိပါတယ်။ လီဗာပူးအသင်းမှာ ကျွန်တော့်ရဲ့ သူငယ်ချင်းအများအပြား၊ ကစားဖော်အများအပြားရှိနေဆဲပါ"ဟု ဆက်လက်ပြောဆိုခဲ့သည်။

ကော်တင်ညိုသည် လီဗာပူးအသင်းအတွက် စုစုပေါင်း ၂၀၁ ပွဲ ပါဝင်ကစားခဲ့ကာ ၅၄ ဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

## ဗိုလ်ချုပ်အောင်ဆန်း၏(၁၀၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဓာတ်ပုံ၊နံရံကပ်စာစောင်ပြပွဲ၊ ပြိုင်ပွဲများ၌ ကျင်းပ

**မလှိုင်**

ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဂုဏ်ပြုကဗျာရွတ်ဆိုပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက မလှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီးပြပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ရွှေကျင်ဘုန်းတော်ကြီး သင်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "အောင်ဆန်းဇာနည်" ကဗျာနှင့် "ဗိုလ်ချုပ်မွေးနေ့တို့ မမေ့"ကဗျာတို့ကို ရွတ်ဆိုဂုဏ်ပြုခဲ့ကြပြီးနောက် တက်ရောက်လာသောမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ Book Blub အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ၊ ကျောင်းသား/သူများနှင့် မိဘများကပြသထားသောဓာတ်ပုံ၊ နံရံကပ် စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။

**အောင်ဌေး (မလှိုင်)**

**ငါးသိုင်းချောင်း**

အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏(၁၀၅)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲကို ငါးသိုင်းချောင်းမြို့မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာမွေးစမှအသက်တစ်နှစ်ခွဲအထိသက်တန်းအလိုက်ဒေသခံကလေးငယ်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ဆက်လက်၍ မွေးစမှအသက်ခြောက်လ၊ ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှတစ်နှစ် ခွဲသက်တန်းအလိုက်ကလေးပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူပြိုင်ပွဲ ဝင်ကလေးငယ်ကိုးဦးနှင့် ကလေးမိခင်များအား ဆုတံဆိပ်နှင့် လက်ဆောင်များချီးမြှင့်ခြင်း၊ ပြိုင်ပွဲဝင်ကလေးငယ်အားလုံးနှင့်ကလေးမိခင်များအား လက်ဆောင်ပစ္စည်းများချီးမြှင့်ခြင်းကိုသက်ဆိုင်ရာတာဝန်ရှိသူများကအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်းနှင့်အဆိုပါဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲသို့ဒေသခံပြိုင်ပွဲဝင်ကလေးငယ် ၂၄ ဦးနှင့်ကလေးမိခင်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**



**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော(၁၀၅)နှစ်မြောက်ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ဆုချီးမြှင့်ပွဲအခမ်းအနားကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းသိန်းကအဖွင့်အမှာစကားပြောကြားပြီးမြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးလင်းခိုင်ကဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအားရှင်းလင်းပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲ၊ မိန့်ခွန်းပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူများကိုသက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**ဆားလင်းကြီး**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ဆားလင်းကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထို့နောက် အလယ်တန်းအဆင့်မိန့်ခွန်း ပြောပြိုင်ပွဲကို ကျင်းပရာမြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၇ ဦးပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆားလင်းကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှရုပ်သံကျွမ်းကျင်-၃ ဦးဇော်လင်းအောင်နှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**

## ကျောင်းသားစာပေနှင့်အနုပညာပွဲတော်တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပြခန်း၌ ကြည့်ရှုသူ စည်ကား

**တွံတေး ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပူးပေါင်းကျင်းပသော ပြည်ထောင်စုနေ့နှင့်ဗိုလ်ချုပ်မွေးနေ့(ကလေးများနေ့)အထိမ်းအမှတ် ကျောင်းသားစာပေနှင့်အနုပညာပွဲတော်ကို ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပသည်။

အဆိုပါပွဲတော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ လှုပ်ရှားမှုသမိုင်းဝင်ပုံများ၊ ရဲဘော်သုံးကျိပ်၊ နိုင်ငံရေးသမားဘဝ၊ နိုင်ငံခြားခရီးစဉ်ရှားပါးဓာတ်ပုံများ၊ မိသားစုဓာတ်ပုံများ၊ ပြည်တွင်းခရီးစဉ်များ၊ ဗိုလ်ချုပ်၏ လက်ရေးမူများနှင့် ဗိုလ်ချုပ်ကိုယ်တိုင်ရေး ဝတ္ထုများကို ဝေဝေဆာဆာပြသထားရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**မျိုးလှိုင်တွံတေး**



ဗိုလ်ချုပ်အောင်ဆန်း၏ စာအုပ်စာပေများအား ကြည့်ရှုလေ့လာနေစဉ်။

## ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် မူဆယ် နယ်စပ်တွင် ရေထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာသိန်းပေါင်း ၅၀၀ ကျော် ဆုံးရှုံး

**မူဆယ် ဖေဖော်ဝါရီ ၁၃**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့နေသော မြန်မာဘက်မှ ရေထွက်ကုန်စ္စည်းများသည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၇ ရက်မှစ၍ ယနေ့အချိန်ထိ တရုတ်နိုင်ငံဘက်မှတင်ပို့ခွင့် ရပ်ဆိုင်းထားသည့်အတွက် လောလောဆယ်အနေအထားအရ အမေရိကန် ဒေါ်လာ သိန်းပေါင်း ၅၀၀ ကျော်လောက်ထိ ဆုံးရှုံး နစ်နာမှုများ ရှိနေကြောင်း ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိဟိန်းနဒီအောင်ကုမ္ပဏီပြည်ပပို့ကုန်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသ၊ လပွတ္တာ၊ကျိုက်လတ်၊ မြောင်းမြ မြို့နယ် များနှင့် ပဲခူး၊ တောင်ငူ၊ အုတ်တွင်းမြို့နယ်နှင့် ရခိုင်ပြည်နယ်ဒေသအတွင်းရှိ၊ ကျောက်တော်၊ မင်းပြား၊ စစ်တွေစသည့် ဒေသအသီးသီးမှ ထွက်ရှိသည့် ငါးရှဉ့် ကဏန်းများကို ခြောက်ဘီး၊ ဆယ်ဘီးယာဉ်များဖြင့် သယ်ယူ ပြီး မူဆယ်နယ်စပ်မှ တစ်ဆင့်တရုတ်နိုင်ငံဘက်သို့ နှစ်စဉ်တင်ပို့လျက်ရှိသည်။

ငါးရှဉ့်နှင့် ကဏန်းများကို မေလနှင့်စက်တင်ဘာလတွေမှာအဓိက ရောင်းဝယ်ကြတာ ဖြစ်ပြီးမိုးတွင်းကာလ၌ တစ်ဖက်နိုင်ငံ၏ ဈေးကွက်မှာကျဆင်းမှုရှိကြောင်း၊ ဆောင်းရာသီနှင့်နွေရာသီအချိန်မှာ ငါးရှဉ့်၊ ကဏန်း ပုံမှန်တင်ပို့မှုရှိပြီးတစ်ဖက်နိုင်ငံ၏ ဈေးနှုန်းက မိုးတွင်းကာလထက်ယခုနှစ် တရုတ်နှစ်သစ်ကူးကာလ ဇန်နဝါရီ ၂၇ ရက်နောက်ပိုင်း တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ရုတ်တရက် ဖြစ်ပေါ်လာသည့်အတွက် တရုတ်နိုင်ငံနယ်စပ်ဂိတ်များ၊ ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီကြီးများနှင့်ဈေးဆိုင်ကြီးများ၊ ခရီးသွားလာရေးများကို အရေးပေါ် ပိတ်ထားရပြီး မြန်မာဘက်မှ ရေထွက်ကုန်ပစ္စည်းများကိုတရုတ်ဘက်မှ ရက် အကန့်အသတ်မရှိယာယီ ပိတ်ထားခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက် နောက်ပိုင်းမှစတင်ကာ ပြန်လည်တင်ပို့ခွင့်ပြုမည်ဟု သတင်းများတင်ပို့မှုထွက်ပေါ်နေသော်လည်း တရုတ်နိုင်ငံဘက်မှ တရားဝင်ထုတ်ပြန်ခြင်းမရှိပေ။

"ရေထွက်ပြည်ပပို့ကုန်ပစ္စည်းများကို တရုတ်နိုင်ငံဘက်က ဖေဖော်ဝါရီ ၂၃ ရက် နောက်ပိုင်းမှာ စတင်ဖွင့်လှစ်ပေးမယ်လို့တော့သတင်း ကြားပါတယ်၊ ဒါပေမယ့်တရုတ်နိုင်ငံဘက်ကတော့ တရားဝင်ထုတ်ပြန်ထားတာတော့မရှိ သေးပါဘူး။ ဒါကြောင့် ဒီလကုန်အထိတောင် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုက ပုံမှန်မဖြစ်နိုင်လောက်ဘူးလို့ထင်တယ်၊အခုလို မမျှော်လင့်ဘဲ ထဖြစ်လိုက်တဲ့ ရောဂါဆိုးကြောင့် တရုတ်နိုင်ငံသာမက ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ရှိနေတယ် "ဟု ဟိန်းနဒီအောင်ပြည်ပ ရေထွက်ကုန် လုပ်ငန်းက အထွေထွေမန်နေဂျာ ဦးသိန်းဝင်းက ပြောသည်။

**သန့်ဇင် (မူဆယ်)**

## ကျေးရွာအရောက် ကိုရိုနာ ဗိုင်းရပ်စ်အကြောင်း အသိပညာပေးခြင်းနှင့် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေး

**ဆီဆိုင် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျော ကျေးရွာအုပ်စု ဟော်တောင်ကျေးရွာတွင် ကိုရိုနာဗိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် အသက် ၆ လမှ ၅ နှစ်အထိ ကလေးများအား



ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးဝင်းမြင့်က ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဆရာမများက အသက် ၆ လမှ ၅ နှစ်အထိ ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကိုရိုနာ ဗိုင်းရပ်စ် တော်တော်လေးဖြစ်နေတယ်၊ နိုင်ငံတော်တော်များများမှာလဲ ပျံ့နှံ့နေတယ်။ အဲဒါကြောင့် ကိုယ့်မြို့နယ်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကျေးရွာနေပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းဖြစ်တယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးဝင်းမြင့်က ပြောသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မွန်ပြည်နယ်ရှိ ငါးဖမ်းကွက်များမှ ကမ်းနီးငါးဖမ်းဆီးရရှိမှုများလာ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ်သံလွင်မြစ်ဝအတ္တရံမြစ်တစ်လျှောက်မုတ္တမကွေ့၊ ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုနှင့် ချောင်းဆုံမြစ်ကမ်းတစ်လျှောက် စစ်တောင်းမြစ်ဝှမ်းဒေသဝန်းကျင်တွင် ငါးပိုမိုဖမ်းဆီးရရှိကြောင်း ငါးဖမ်းလုပ်သားများထံမှ သိရသည်။

ကမ်းနီးရေလုပ်သားတွေက ငါးဖမ်းရာသီက သုံးလသာ ကျန်သဖြင့် ယူထားသည့် ချေးငွေများကြေရန် ကြိုးစားပြီး ငါးရှာနေရကြောင်း၊ ယခုရက်ပိုင်းအတွင်း မိသည့်ငါးများမှာ ငါးသလောက်၊ ငါးပြေက်၊ ငါးပုတ်သင်၊ ငါးပုဏ္ဏား၊ ငါးဖန်းမ၊ ငါးကြင်း၊ ငါးမုန့်နှင့်ယခင်က ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ငါးသလောက်အာနီငါးများကိုလည်း ဖမ်းဆီးရမိကြောင်း၊ အများဆုံးမိသည့် ငါးမှာ ငါးပုတ်သင်ဖြစ်ကြောင်း မော်လမြိုင်ရှိ ငါးဖမ်းလုပ်သားများထံမှ သိရသည်။

မွန်ပြည်နယ်မှာ ငါးဖမ်းကွက် (၁၄)ကွက်သာရှိပြီး ငါးဖမ်းရာတွင် သတ်မှတ်ထားတဲ့ ပိုက်ကွက်အကျဲများဖြင့်သာ ဖမ်းဆီးစေခြင်း သေးငယ်တဲ့သံဆန်ခါပိုက်များကို ဖမ်းဆီးခွင့်မပြုထားခြင်းကြောင့် ငါးအသေးများကြီးထွားနှုန်းမြင့်တက်လာသည့်အတွက် ငါးဖမ်းဆီးမှုနှုန်းယခင်ကထက် ပိုဖမ်းမိလာကြောင်း၊ ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလမှ စတင်ကာ ကမ်းနီးငါးဖမ်းဆီးရရှိမှု ပိုမိုရရှိလာခြင်းဖြစ်ကြောင်း ဦးမြင့်စိုးက ပြောသည်။

**မုဒုံမောင်မောင်**



နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ပူးပေါင်း၍ ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေး၊ ထင်းသုံးစွဲမှုလျှော့ချနိုင်ရေး၊ သစ်တောပြုန်းတီးမှုကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ကာစွမ်းအားမြင့်မီးဖိုများကို စိုက်ပျိုးရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၁၁ရက်အထိ ကျေးရွာအုပ်စုရှစ်အုပ်စု ကျေးရွာပေါင်း၂၄ ရွာအတွက် စွမ်းအားမီးဖိုအလုံးပေါင်း ၄၅၀၀ ဖြန့်ဖြူးပေးအပ်စဉ်။ မောင်ကျော်ကြီး

## အမရပူရ၊ မိုင်းရယ်၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ မူဆယ်နှင့် သာစည် မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု ယဉ်တော်ကျေးရွာ ကမ်းနားလမ်းတွင် စစ်ဆေးရေး ပြုလုပ်နေစဉ် ကိုက် ၂၀၀ ခန့်အကွာအရောက်၌ ဆိုင်ကယ်ကို ထား၍ ထွက်ပြေးသွားသဖြင့် သွားရောက် စစ်ဆေးရာ ဘိန်းစိမ်း ၁၉ ဒသမ ၂ ကီလို၊ မြန်မာကျပ်ငွေ ၁၀၅၁၀၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် နားလီကျေးရွာအနီး မိုင်းရယ်-ကျေးသီးသွားကားလမ်းတွင် မအေးအောင် မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလိုတို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့ ညနေ ၆ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ကျတီကျေးရွာအုပ်စု ကျွန်းတော ၆ မိုင် ကျေးရွာအနီး မိုင်းဆတ်-မိုင်းတုံ သွားကားလမ်းတွင် စစ်ဆေးရေးပြုလုပ်နေစဉ် မီတာ ၂၀၀ ခန့်အကွာ၌ ဆိုင်ကယ် ကို ထား၍ ထွက်ပြေးသွားခဲ့သဖြင့် သွားရောက်စစ်ဆေးရာ ဘိန်းဖြူအလေးချိန် ၂ ဒသမ ၆၄ ကီလိုကို လည်းကောင်း။

ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့နယ် နမ့်ကုန်း ကျေးရွာအုပ်စု နမ့်ကုန်းကျေးရွာ၏ အရှေ့ဘက်ရှိ အိုက်ခမ်း၏ တောင်ယာတဲကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။ ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ တောင်ရပ်ကွက် အိမ်အမှတ်(တ/ခ-၃၁၇)နေ မမိငယ်(ခ)နန်းအေးအေးမျိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလို တို့ကို လည်းကောင်း။

အလားတူ သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းမှ ဒုရဲအုပ် ရန်သိန်းနှင့် တပ်ဖွဲ့ဝင်များ သည် ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက လယ်စပြင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင် (၄၅/၇) အနီးတွင် ရဲလင်းနောင်(ခေါ်) ပွကြီး မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂ ပြားကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကောလင်းနှင့် ဖာပွန်မြို့နယ်တို့တွင် ယာဉ်တိမ်းမှောက်၍ လေးဦးသေ၊ ၃၆ ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ်တို့တွင် ယာဉ်တိမ်းမှောက်မှုများဖြစ်ကာ လေးဦးသေဆုံးပြီး ၃၆ ဦးဒဏ်ရာများ ရရှိကြောင်း သိရသည်။

ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီး မန္တလေး-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ်(၁၈၃/၀)၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ကသာမှ ရွှေဘိုသို့ ကသာမြို့နယ် တုတ်ကြီးကျေးရွာနေ ရှိုင်းဝေ့ဦး (၂၇ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်မာချိုဦး (၄၅နှစ်)ပါ ၂၆ ဦး လိုက်ပါလာသည့် 7G/--- တုန်ဖုန်းယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းဝဲဘက်ရှိ အနက်ခြောက်ပေခန့် မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဒေါ်မာချိုဦးမှာ အခင်းဖြစ်နေရာ၌သေဆုံးကာ ဦးသောင်းထူး(၄၆နှစ်) ပါ၂၅ ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ရှိုင်းဝေ့ဦးအား ကောလင်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဘီးလင်း-ဖာပွန်ကားလမ်း ကျွန်းပင်ကျေးရွာအနီး၌ ယမန်နေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ဘီးလင်းမှ ဖာပွန်ဘက်သို့ ဖာပွန်မြို့နယ် ကျွန်းပင်ကျေးရွာနေ ကျော်တွဲ (၃၂နှစ်) မောင်းနှင်ပြီး ကိုင်းတောကျေးရွာနေ ဦးသိန်းတန် (၄၃နှစ်)ပါ ၁၄ ဦး လိုက်ပါလာသော တိုယိုတာဗီဂိုယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ပေ ၃၀ ခန့် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကျွန်းပင်ကျေးရွာနေ ဒေါ်မအေး(၄၆နှစ်)ပါ သုံးဦးမှာ အခင်းဖြစ်နေရာ၌ သေဆုံးကာ ဦးသိန်းတန်ပါ ၁၁ ဦးတွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျော်တွဲအား ဖာပွန်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေဦးမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ မီးရှို့သူအား ဖမ်းဆီးရမိ

**ရေဦး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အင်ပင်ရေကျေးရွာအနီး အမျိုးသမီး တစ်ဦးကို ရိုက်နှက်သတ်ဖြတ်၍ မီးရှို့သူအား ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ဖမ်းဆီးရမိခဲ့ကြောင်း ရေဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်ဝင်းထံမှ သိရသည်။

ရေဦးမြို့နယ် အင်ပင်ရေကျေးရွာနေ မနီလာအေး (၂၇နှစ်)သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီက နွားကျောင်းရင်း တောအတွင်း မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုအား ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မြင့်မောင်ကြီးကြပ်၍ ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်ဝင်းဦးစီးအဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာနေသူ ငထွန်း (ခ) သာထွန်းအောင် (၂၁နှစ်)က မနီလာအေးကို ရိုက်နှက်သတ်ဖြတ်ကာ မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ငထွန်း(ခ) သာထွန်းအောင်ကို တင်းတိမ်ရုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ် ၁၅ စီးခိုးယူသူများ ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလ တတိယပတ်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက် ပြည်ထောင်စုလမ်းမှ ပင်လုံလမ်းဘက်သို့ ဆိုင်ကယ်စီးနင်းလာသည့် ကျော်ဝင်းထွန်း(ခ) တုတ်တုတ်အား စစ်ဆေးရာ အဆိုပါ ဆိုင်ကယ်ကို ပိုင်ဆိုင်ကြောင်း အထောက်အထား မပြနိုင်သဖြင့် အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ကျော်ဝင်းထွန်း(ခ)တုတ်တုတ်ကို အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်း၏ သူငယ်ချင်းဖြစ်သူ ထိုက်ဝေဇော်(ခ)လပြည့်နှင့်အတူ ၂၀၁၉ ခုနှစ် ဩဂုတ်လမှ ၂၀၂၀ ပြည့် နှစ် ဇန်နဝါရီလအတွင်း မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့ရှိ ရပ်ကွက်များအတွင်းမှ စုစုပေါင်း ဆိုင်ကယ် ၁၅ စီး ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ ကျော်ဝင်းထွန်း(ခ) တုတ်တုတ်နှင့် ထိုက်ဝေဇော် (ခ)လပြည့်တို့နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပန်းတနော်တွင် ယာဉ်တိုက်မှုဖြစ်ကာ သုံးဦးသေ နှစ်ဦးဒဏ်ရာရ

**ပန်းတနော် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စာဖြူစုကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်းမကြီးတွင် ဖေဖော်ဝါရီ ၁၂ ရက် ည ၇ နာရီခွဲက ယာဉ်တိုက်မှု ဖြစ်ကာ သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးအောင်မျိုးသန့် မောင်းနှင်လာသော 7M/--- ကန်တာယာဉ်သည် လားရာတူရှေ့မှ ဆိုင်ကယ်ကို ကျော်တက်စဉ် အရှိန်လွန်ကာ ဝင်တိုက်ပြီးနောက် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ 1M/--- ဟိုင်းလပ်ယာဉ်နှင့် ဆင့်ကဲတိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ဦးအောင်မျိုးသန့်နှင့် ယာဉ်ပေါ်ပါ နှစ်ဦး စုစုပေါင်း သုံးဦး သေဆုံးကာ ဆိုင်ကယ် ယာဉ်မောင်းနှင့် ဟိုင်းလပ် ယာဉ်မောင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အောင်မျိုးသန့်အား ပန်းတနော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

# မြို့နယ်အချို့၌ မီးလောင်မှုများ ဖြစ်ပေါ်မှုကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံး

### မိုင်းခတ်၌ မီးလောင်မှုဖြစ်ကာ နေအိမ် ၆၀ ဆုံးရှုံး

ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ် အင်ဝမ်မတ်ကျေးရွာနေ အိုက်ယံ(၃၀နှစ်)၏ နေအိမ်၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ခဲ့ရာ နေအိမ်အလုံး ၆၀ မီးလောင်ခဲ့သည်။ အဆိုပါ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁ နာရီခန့် အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ အိုက်ယံအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

### မင်းဘူး(စကု)မြို့နယ် အိုးပြင်မဲကျေးရွာတွင် တောမီးမှတစ်ဆင့် နေအိမ် ၇၀ခန့် မီးလောင်ဆုံးရှုံး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် အိုးပြင်မဲ ကျေးရွာတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က တောမီးမှ တစ်ဆင့် မီးလောင်မှုဖြစ်ခဲ့ရာ အိမ်ခြေ ၇၀ ခန့် မီးလောင် ဆုံးရှုံးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရှိရသည်။

မင်းဘူး(စကု)မြို့နယ် အိုးပြင်မဲကျေးရွာ၏ အနောက်တောင်ဘက်တွင် တောမီးမှ တစ်ဆင့် အိုးပြင်မဲကျေးရွာနေ ဦးတင်ရွှေ၏ နွားတင်းကုတ်ပေါ်သို့ မီးပွားကျ၍ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ နေအိမ်များသို့ ထပ်မံကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မင်းဘူးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အိုးမကျေးရွာရဲစခန်းမှူး နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ များ စုစုပေါင်း ၂၅၀ ခန့်တို့က မီးသတ်ယာဉ် ရှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် အိုးပြင်မဲကျေးရွာရှိ စုစုပေါင်း အိမ်ခြေ ၁၈၀ အနက် နေအိမ် အလုံး ၇၀ ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။ **ကျော်စိုးဝင်း(မင်းဘူး)**

### မြင်းခြံမြို့၌မီးလောင်မှုကြောင့် နေအိမ် ခုနစ်လုံး ဆုံးရှုံး

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၅) ရပ်ကွက် နယ်မြေ (၆)ရှိ ဦးထွန်း အိမ်ရှိ မီးအားမြှင့်စက်အပူလွန်ကဲရာမှ စတင်၍ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးအောင်ကျော်နိုင် ဦးစီးသော မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ် ၁၄ စီးဖြင့် စုပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးထွန်း၏ နေအိမ် အပါအဝင် နေအိမ် ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးထွန်းအား မြင်းခြံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

### မဟာအောင်မြေမြို့နယ်၌ မီးလောင်မှုဖြစ်ကာ ကလေးတစ်ဦးသေဆုံး

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်း ရပ်ကွက် ကမ်းနားလမ်းရှိ ဝန်ထမ်းလိုင်းခန်းတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီ ၂၂ မိနစ်က မီးလောင်မှုဖြစ်ကာ ကလေးတစ်ဦးသေဆုံးကြောင်း သိရသည်။

မီးလောင်ရသည့်အကြောင်းရင်းမှာ အသက် ကိုးနှစ် အရွယ်ကျောင်းသား တစ်ဦးက ထင်းမီးဖြင့် ထမင်းအိုးတည်ရာမှ အနီးရှိ ထရံသို့ မီးကူးစက်၍ စတင် မီးလောင်ခဲ့ခြင်း ဖြစ်သည်။ မီးလောင်မှုကြောင့် စည်ပင်သန့်ရှင်းရေးဝန်ထမ်း လိုင်းခန်း မြေစိုက်အဆောက်အအုံ ၁၀လုံးနှင့် အသက် ငါးနှစ်အရွယ်မိန်းကလေးတစ်ဦး မီးလောင်သေဆုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ ရေသယ်ယာဉ် ငါးစီး၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀တို့က ငြိမ်းသတ် ခဲ့ရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **တင်ဇာလှိုင်(ပြန်/ဆက်)**



မဟာအောင်မြေမြို့နယ်၌ ဝန်ထမ်းလိုင်းခန်း မီးလောင်မှုအား မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်း ငြိမ်းသတ်ကြစဉ်။ ဓာတ်ပုံ- (ပြန်/ဆက်)

### ပေါင်းတည်မြို့တွင် ဆန်စက်၌ မီးလောင်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မင်းကွက်(၃) ရပ်ကွက် ရွှေတောင်လမ်းရှိ ပြည့်စုံအောင်မြင် ဆန်စက်တွင် ယနေ့နံနက် ၁၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုဖြစ်သည့် အကြောင်းရင်းမှာ ဆန်စက်အပေါ်ထပ်တွင် ဂဟေဆော်ရာမှအောက်ရှိ ဖွဲနုအိတ်ပေါ်သို့ မီးပွားများကျ၍ မီးလောင်မှုဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့် လူမှုရေးအသင်းအဖွဲ့များက မီးသတ်ယာဉ် ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးသွားသဖြင့် စက်ရုံမှူး ဦးစောထူးအား ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# Invitation for Bids

| | |
|---|---|
| Date: | 17th February 2020 |
| Loan No. and Title: | Loan 3748–MYA: Power Network Development Project |
| Contract No. and Title: | Package No. (2) – 47(T) DPTSC(PTP)/(2019–2020): Design, Supply, Installation and Commissioning of 230 kV Ye and Dawei Substations and Extension of 230 kV Mawlamyine Substation |
| Deadline for Submission of Bids | 2nd April 2020, 13:00 hours (local time) |

1. The Republic of the Union Myanmar has received financing from the Asian Development Bank (ADB) toward the cost of the Power Network Development Project. Part of the financing will be used for payments under the contract named above. Bidding is open to Bidders from eligible source countries of ADB.
2. The Department of Power Transmission and System Control ("the Employer") invites sealed bids from eligible Bidders for the Design, Supply, Installation and Commissioning of 230 kV Ye and Dawei Substations and Extension of 230 kV Mawlamyine Substation (the "Facilities"). The Facili–ties are located within Mon State and Tanintharyi region.
3. International Competitive Bidding (ICB) will be conducted in accordance with ADB's Single–Stage: One–Envelope bidding procedure and is open to all Bidders from eligible countries as described in the Bidding Document.
4. Only eligible Bidders with the following key qualifications should participate in the bidding:
   - Minimum average annual turnover of US$22 million calculated as total certified payments received for contracts in progress or completed, within the last three (3) years;
   - Participation in at least one (1) contract as main contractor that has been successfully completed within the last five (5) years and that is similar to the proposed contract, where the value of the Bidder's participation exceeds US$17.5 million.
   - For the above or other contracts executed as main contractor, a minimum experience within the last ten (10) years in the following activities:
     - Two (2) projects on turnkey basis succe–ssfully in operation for three (3) years;
     - 220 kV or above AIS substation with the capacity of 100MVA or above;
     - Each project shall be Outside Bidder Country for International Bidder. For Myanmar bidders, both outside and within Myanmar are acceptable.
     - The qualification criteria are more com–pletely described in the Bidding Document.
5. To obtain further information and inspect the Bidding Documents, Bidders should contact the following from 9:30–16:30 hours (local time) except Saturdays, Sundays and holidays.

   Department of Power Transmission and System Control (DPTSC)
   Address: Material Planning Department (DPTSC), Building No. 27, Nay Pyi Taw, Myanmar
   Telephone: 95 67 8104286
   Email: dg.dptsc@moee.gov.mm, sedesignptp.mepe@gmail.com, dirdesign.ptp@gmail.com, dd1ptp.dptsc@moee.gov.mm, dir1ptp.dptsc@moee.gov.mm
   Fax: 95 67 81042886
6. The Bidding Document, in the English language, may be purchased by interested Bidders on the submission of a written application to the address above requesting the Bidding Documents for the Facilities and upon payment of a nonrefundable fee of purchase order (bank draft) in Myanmar Kyats equivalent to US$100.
7. A Pre–bid meeting shall take place on 3rd March 2020 at 14:00 hours (local time) at Meeting Room No(2), Ministry of Electricity and Energy.
8. Bids must be delivered to the address above on or before 13:00 hours (local time) on 2nd April 2020 together with a Bid Security as described in the Bidding Documents.
9. Electronic Submission is not allowed.
10. Bids will be opened immediately after the bid submission deadline in the presence of Bidder's representatives who choose to attend.
11. Any request for extension of Bid submission deadline shall not be allowed.

**Tender Committee**
**Department of Power Transmission and System Control**
**Ministry of Electricity and Energy**
**Nay Pyi Taw, Myanmar**
**Telephone 067–3410282, 3410209**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်၊ ၇/၂၀၂၀**
**၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်**
**(၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်)**

၁။ ရခိုင်ပြည်နယ်၊ ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန်လက်ထောက် ဆရာဝန်ရာထူး(လစာနှုန်း–၂၇၅၀၀၀/၄၀၀၀–၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်–

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၁၀၅)နေရာ | ဆေးပညာဘွဲ့(M.B.B.S) |

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်ရက်တွင် M.B.B.S (ဆေးပညာဘွဲ့)နှင့် လက်ရှိတရားဝင်ဆရာဝန်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည်။ မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်မှုမရှိပါက ပယ်ဖျက်မည်ဖြစ်ပါသည်။
(င) ရခိုင်ပြည်နယ်အတွင်း အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင် နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လုပ်သက်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအောင်မြင် ပြီး ကျွမ်းကျင်မှုရရှိရေးလေ့ကျင့်ရေးကာလပြီးဆုံးပြီးနောက် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်မှု(၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး (၆–၃–၂၀၂၀)ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာ တိုက်မှတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းနှင့် စိတ်အခြေအနေစစ်ဆေးခြင်းကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင်ဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက် (၆–၃–၂၀၂၀)ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက် လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲကြေးငွေ(၅၀၀၀/–)အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ငွေစာရင်းအမှတ် (MD022635)သို့ ပေးသွင်းရမည်။

၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၂၆–၈–၂၀၁၉)ရက်စွဲပါ စာ အမှတ်၊ ၂၁၄၃/ ရွေးချယ်ရေး(အဓိက)/၂၀၁၉ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်းအတွက် ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့် နေ့ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် ဖြေဆိုမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း–၀၄၃–၂၂၆၄၉ နှင့် ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာန၊ ဖုန်း–၀၄၃–၂၃၃၆၆/၀၉–၂၅၉၂၆၇၃၉၁ တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

## မြန်မာ့သစ်လုပ်ငန်း ရုံးသုံးစက်ပစ္စည်းဟောင်းများ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ပြည်ဒေသရုံးရှိ ရုံးသုံးစက်ပစ္စည်းဟောင်း(၆)မျိုးအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်နေရာ – လက်ထောက်အထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်မြို့
(ခ) လေလံရောင်းချမည့်ရက်/အချိန် – ၂၇–၂–၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၉:၃၀နာရီ
(ဂ) လေလံပုံစံရောင်းချမည့်ရက် – ၁၇–၂–၂၀၂၀ရက်မှ ၂၆–၂–၂၀၂၀ရက်ထိ

လျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၆–၂–၂၀၂၀ ရက်နောက်ဆုံးထား၍ လက်ထောက်အထွေထွေမန်နေဂျာရုံးတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**လက်ထောက်အထွေထွေမန်နေဂျာရုံး ၊ ဖုန်း–၀၅၃–၂၇၁၈၁**

## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် တည်ဆောက်မည့် မင်းဘူးမြို့နယ် ခန်းမအဆောက်အအုံ(၁၄၁'x၆၈')Steel Structure တစ်ထပ်အဆောက် အအုံတည်ဆောက်ရေးလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၀၆၃–၂၆၂၅၃၊ ၀၆၃–၂၀၂၆၃၉၈နှင့် ၀၉– ၄၂၈၇၄၂၁၄၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – ၁၇–၂–၂၀၂၀ရက်(တနင်္လာနေ့)
(ခ) တင်ဒါလျှောက်လွှာ ရောင်းချခြင်းပိတ်မည့်ရက် – ၁၆–၃–၂၀၂၀ရက်(တနင်္လာနေ့)
(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် – ၂၀–၃–၂၀၂၀ရက်(သောကြာနေ့)
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ – မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊ မကွေးမြို့

**တင်ဒါကော်မတီ**

## သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ရုံး ဘိုးဘိုးကြီးနတ်နန်းပြုပြင်ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကျိုက္ကစံစေတီတော်ဝင်းအတွင်း ဘိုးဘိုးကြီးနတ်နန်းကို ပြန်လည်ပြုပြင်ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သတ်မှတ်ပုံစံတည်ဆောက်ပေးနိုင်မှုဈေးနှုန်းတင်သွင်းလွှာများ အလိုရှိပါသည်။

| | | |
|---|---|---|
| တင်သွင်းလွှာစတင်ရောင်းချမည့်ရက် | – | ၁၆–၂–၂၀၂၀ရက် |
| တင်သွင်းလွှာနောက်ဆုံးလက်ခံမည့်ရက် | – | ၂၄–၂–၂၀၂၀ရက် ညနေ ၄နာရီ |
| တင်သွင်းလွှာများဖွင့်ဖောက်မည့်ရက်/နေရာ | – | ၂၅–၂–၂၀၂၀ရက်၊ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ ကျိုက္ကစံစေတီတော် |

၂။ အသေးစိတ်အချက်အလက်များကို ရုံးဖုန်း–၀၉–၄၄၆၈၉၀၁၁၉၊ ရုံးအဖွဲ့မှူး–၀၉–၂၅၄၇၃၇၃၀၅ အားရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

## (၅၆)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ နှိုးဆော်လွှာ

ရခိုင်ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်တွေမြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲ၌ စစ်တွေမြို့ပေါ်ရှိ အသက်(၈၀)နှစ်နှင့် အထက် သက်ကြီးဘိုးဘွား (၁၁၅၀)ဦးခန့်အား (ဘိုးဘွားရိပ်သာအပါအဝင်) မြို့ပေါ်ရပ်ကွက်အသီးသီးသို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ရက် မြန်မာနှစ်ဆန်း ၁ရက်(သောကြာနေ့) တွင် ရခိုင်ရိုးရာယောကျ်ားယိမ်းအကများဖြင့် လှည့်လည်ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

သက်ကြီးပူဇော်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူငွေများကို လှူဒါန်းလိုသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း များ၊ အဝေးရောက်ရခိုင်သူ/သားများအနေဖြင့် အောက်ဖော်ပြပါ ကော်မတီဝင်များ ထံဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါ သည်။

| | | |
|---|---|---|
| ၁။ ဦးစံသာမောင်(ခာတ်ခွဲ(ပ)တန်း–ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း–၀၉–၄၂၁၇၃၆၀၂၆ |
| ၂။ ဦးမောင်ကျော်သိန်း(ကေရာဇ်ဆေးကုမ္ပဏီ) | ဒု–ဥက္ကဋ္ဌ(၁) | ဖုန်း–၀၉–၂၅၁၁၃၂၅၇၀ |
| ၃။ ဦးညီညီအောင်သန်း | အတွင်းရေးမှူး | ဖုန်း–၀၉–၄၂၉၆၄၁၃၇၁ |
| ၄။ ဦးစံညွန့်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ငြိမ်း) | ဘဏ္ဍာရေးမှူး | ဖုန်း–၀၉–၂၅၀၈၈၂၂၆၁ |
| ၅။ ဦးအောင်ကိုကို(ပြည်ကြီးမဏ္ဍိုင်စာပုံနှိပ်တိုက် | တွဲ–ဘဏ္ဍာရေးမှူး | ဖုန်း–၀၉–၄၅၃၅၄၁၈၅၆ |

အဝေးရောက်အလှူရှင်များအနေဖြင့် အောက်ဖော်ပြပါ BANK Account သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| KBZ Bank | A/C–No.01730201701680801 |
| CB Bank | A/C–No.0015600100052857 |
| မြန်မာ့စီးပွားရေးဘဏ် | A/C–No.017690 |

ယာယီရုံးခန်း– ပြည်ကြီးမဏ္ဍိုင်စာပုံနှိပ်တိုက်
အမှတ်(၅၀)၊ ရေတွင်းလမ်း၊ မောလိပ်ရပ်ကွက်၊ စစ်တွေမြို့
ဖုန်း–၀၄၃–၂၀၂၁၅၂၇၊ ၀၉–၄၅၃၅၄၁၈၅၆

**ကျင်းပရေးကော်မတီ**
**စစ်တွေမြို့**

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး
ရွှေဘိုပေါ်ဆန်းမွှေး။ ပုသိမ်ပေါ်ဆန်းမွှေး။ ဖျာပုံပေါ်ဆန်းမွှေး။ ရှမ်းဆန်၊ ဘာစမာတီ၊ ရောမင်း။ မဂျမ်းဒေါ်၊ မွှေးတလုံးပေါ်ကြွဲ၊ ဇီယာရှယ် ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း–09-443249922, 09-443249933, 01-3681209, 01-3681504

"ညှိနှိုင်းဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)
* မရမ်းကုန်း၊(၇)မိုင်၊ကုန်းမြင့်ရိပ်သာ (55'x60') အကျယ်ရှိ 3RC, M6,ပြင်ပြီး.(ဂရန်) ဈေးနှုန်း – 5900 သိန်း
* လှိုင်၊ပါရမီစိန်ဂေဟာအနီး(50'x80') အကျယ်ရှိ 2RC, M3,B1,ပါကေး.(ဂရန်) ဈေးနှုန်း – 5600 သိန်း
* ရေ့/ဒဂုံချမ်းသာရွှေပြည်အိမ်ရာ (75x75') မြေကွက်. (ပါမစ်) ဈေးနှုန်း – 1750 သိန်း
01559320,09450450907,09450450908,09450450906

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်ခွဲ၊ သလပ်ခွာကျေးရွာအုပ်စု၊ ကျွန်းလျားရှည်ကုန်းရပ်ကွက်၊ ပုသိမ်–ငွေဆောင်လမ်းဘေးရှိ အလျား(၇၀)ပေ၊ အနံ(၄၀)ပေရှိခြံမြေကွက်မှာ ဒေါ်ချိုချိုမာ(ဘ)ဦးတင်ရွှေ ၁၄/ပသန(နိုင်)၀၇၇၅၆၂ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ရောင်းချမည်ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုမာ ၁၄/ပသန(နိုင်)၀၇၇၅၆၂**
**တဲကြီးကုန်းရပ်ကွက်၊ ပုသိမ်၊ ၀၉–၇၉၄၅၃၃၉၄၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ခင်လင်း ၁၁/ရသတ(နိုင်)၀၇၈၃၆၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၈၉၂၆၁၇၄၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဇံမောင်ထွေး ၁၁/စတန(နိုင်)၁၁၆၇၈၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၂၄၇၆၂၁၂**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ (အထက–မြို့မ)၊Grade–3)မှ ဦးကျော်ဆွေ ၁၁/ကတန(နိုင်)၀၄၈၈၃၉ ၏သမီး မသီရိစုမြတ်အား ယနေ့မှစ၍ မသင်းသင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသင်းသင်းထက်နိုင်**

## အမည်ပြောင်း

ဦးကျော်လှိုင်၏သား စစ်တွေမြို့၊ ရွှေပင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပထမတန်းမှ ဟိန်းထက်အောင်အား လင်းထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**လင်းထူးအောင်**

## မိဘအမည်မှန်

ယိုးတရုတ် အထက၊ တတိယတန်း(B)မှ မဦးမျိုးသန်း၏ မိဘအမည်မှန်မှာ ဦးမြင့်နိုင် ၁၁/ပဏတ(နိုင်)၁၀၄၁၀၀ နှင့် ဒေါ်သန်းစိန် ၁၁/ပဏတ(နိုင်)၁၀၄၁၀၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးထွန်းထွန်းဝင်း ၁၁/ရဗန(နိုင်)၀၅၀၄၀၀၏သား တောင်ကုတ်မြို့၊ မှူလွန်သိမ်တောင်၊ ဒုတိယတန်း မောင်ထက်ဝေယံအား မောင်မင်းဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဟိန်းထက်**

## အမည်ပြောင်း

ကျောက်ဖြူမြို့၊ စနဲကံပြင်ရပ်ကွက်နေ ဦးညီစု ၁၁/ကဖန(နိုင်)၀၄၀၂၈၃၏သား စနဲအထက သတ္တမတန်း(A)မှ မောင်ခိုင်မင်းစိုးအား မောင်မင်းခန့်စံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခန့်စံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက်နေ မနှင်းအိခိုင် ၁/မကတ(နိုင်)၁၂၉၈၆၄ ၏ ဖခင် ဦးသက်နိုင် ၅/ဝလန(နိုင်)၁၀၉၉၅၆ နှင့် ဦးမောင်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ ကမ်းနီကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာ၊ အကွက်အမှတ်(၂)၊ ဝက်ဆူကွင်းအကွက်၊ ဦးပိုင်အမှတ်(၉/၁)၊ ဧရိယာ ၁ဒသမ၂၆ဧကရှိ မြေအား ဦးအောင်ဌေးအမည်ဖြင့် မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤခရိုင်အုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပုသိမ်ခရိုင် ရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်ခရိုင်၊ ပုသိမ်မြို့**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) ၁-၄-၂၀၂၀ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။
(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာပုံစံများကို နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူနိုင်ပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။
(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။
